ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့၊ (16-3-2004) (၄၁၇၇)

သိပ္ပံနှင့် တော် မင်္ဂလ မုတ္တမ်။

လက်မှု စက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ယနေ့ထုတ် ခေါင်းရေ ၁၉၇၄၃၆

မွန်မြတ်တဲ့အစဉ်အလာဆက်လက်ထိန်းသိမ်း

ဒို့တပ်မတော်ဟာ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားတတ်ခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာန မထားတတ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိ ရှိခြင်း၊ အပင်ပန်း အဆင်းရဲခံနိုင်ခြင်း၊ ဖွဲ့လုံ့လဝီရိယ ရှိခြင်းတို့ကြောင့် အရေးကြုံတဲ့အခါမှာ သက်လုံကောင်းခဲ့တာဖြစ်တယ်။ ဒီအချက်တွေဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာတွေဖြစ်တဲ့အတွက်အစဉ်ထာဝရဆက်လက်ထိန်းသိမ်းသွားကြဖို့ မှာကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၄ရက်က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်အတွင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရွှေကျင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း စတင်အကောင်အထည်ဖော်နေ စီမံကိန်းပြီးစီးက ရွှေကျင်မြို့အပြင် မဟာဓာတ်အားကွန်ရက်စနစ်ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးမည်

ဒေသဖွံ့ဖြိုးမှု နောက်ကျနေသည်ကို အလုမ်းကွဲကွဲဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းအားထုတ် အလုပ်လုပ် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ပြည်သူများ လက်တွေ့အကျိုးခံစားနိုင်အောင် ဖိဖိစီးစီးဆောင်ရွက်

ရန်ကုန် မတ် ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၈နာရီ ၄၅မိနစ်တွင် ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၆-၃-၂၀၀၄
(အင်္ဂါနေ့)

လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားအားလုံး၏ လူနေမှုအဆင့် မြင့်မားစေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။

နိုင်ငံတော်အစိုးရက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ဦးစားပေးဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းတွင် ရေ၊ မြေသယံဇာတများကို ထိရောက်စွာအသုံးချပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည့် အခြေခံအဆောက်အအုံများစွာကိုလည်း ချမှတ်တည်ဆောက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် လမ်း၊ တံတားများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ ရန်ကုန်-စစ်တွေလမ်းမကြီးကို ဖောက်လုပ်ပေးထားသဖြင့် စစ်တွေမှရန်ကုန်မြို့တော်နှင့် အခြားပြည်နယ်၊ တိုင်းဒေသများသို့ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။ ထို့အပြင် စစ်တွေ-မြောက်ဦး-အမ်း-မင်းဘူး-မကွေးလမ်း၊ စစ်တွေ-အမ်း-တောင်ကုတ်-ပန်းတောင်း-ပြည်လမ်း၊ စစ်တွေ-အမ်း-တောင်ကုတ်-သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်းမကြီးတို့ကို ဖောက်လုပ်ထားပြီးဖြစ်ရာ ဒေသဖွံ့ဖြိုးရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အပိုင်းက ဒေသအလိုက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ပြည်သူများအပိုင်းကလည်း မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရေး အစွမ်းကုန်ကြိုးပမ်း လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၉ ရက်နေ့က ကျောက်ဖြူနှင့် အမ်းမြို့တို့သို့ သွားရောက်၍ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်သူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးစဉ်အတွင်း ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာတွင် **နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့်အချိန်အခါတွင် ပြည်သူများအပိုင်းကလည်း မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရအောင် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဌာနဆိုင်ရာများကလည်း မိမိဒေသနှင့် မိမိပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ဝီရိယအားနှင့် စေတနာအားပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်** မှာကြားခဲ့သည်။

ကျောက်ဖြူခရိုင်သည် စီးပွားဖြစ်ထွန်းနိုင်သည့် ရေသယံဇာတ အခြေခံကောင်းများ ရရှိပိုင်ဆိုင်ထားသည့် ဒေသဖြစ်သဖြင့် ရေထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်ပေသည်။

ဒေသအတွင်း စိုက်ပျိုးနိုင်သည့်မြေယာ အများအပြားရှိနေသည်ဖြစ်ရာ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ဝင်ငွေတိုးစေမည့် ပဲတီစိမ်း၊ မြေပဲနှင့် ဆီမုန်ညင်းကဲ့သို့သောသီးနှံများ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ စိုက်ပျိုးသီးနှံများ တိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ခြင်း၊ အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရာ၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီကြရမည်ဖြစ်သည်။

ယခုအခါ ကျောက်ဖြူဒေသနှင့် ဆက်စပ်နေသည့် ပင်လယ်ပြင်တွင် သဘာဝဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ရာ ရေနံ တူးဖော်ထုတ်လုပ် ဖြန့်ဖြူးသယ်ယူသည့်လုပ်ငန်းများ ထွန်းကားလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် အခြေအနေရှိသဖြင့် စီးပွားရေး တိုးတက်ဖြစ်ထွန်းလာရန် အလားအလာကောင်းမွန်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို အဘက်ဘက်က တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည့်အချိန်အခါတွင် ဌာနဆိုင်ရာများ၊ ပြည်သူများအပိုင်းကလည်း မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာစည်သတိပဋ္ဌာန် ၁၀ရက်တရားစခန်း

ရန်ကုန် မတ် ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် နောင်လိုင်ရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၂၀ရက်မှ၃၀ရက်ထိ မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တ ကုန္တက အမှူးရှိသော ဓမ္မကထိကများက ဟောကြားပြသကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

တပ်မတော်နေ့ဂုဏ်ပြုကြိုဆို အသုံးအဆောင်ပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၁၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ (ခုတင်-၃၀၀)သို့ လူနာအသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၃ရက် နံနက် ၁၀နာရီတွင် အဆိုပါဆေးရုံ၌ကျင်းပရာ အခမ်းအနားသို့ တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ(ခုတင်-၃၀၀)မှ ဒုတိယဗိုလ်မှူးကြီးမျိုးလှိုင်နှင့် ပါရဂူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာမန်းကုမ္ပဏီလီမိတက် နာယက ဗိုလ်မှူးချုပ်ကျော်တင့်(အငြိမ်းစား)နှင့် အလှူရှင်များက ငွေကျပ် ၈၀၀၀၀၀တန်ဖိုးရှိ လူနာအသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်မှူးကြီးမျိုးလှိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

(သတင်းစဉ်)

ပြည်သူထဲက တပ်မတော်

✪ မန်ကျည်းရွက်နုပ်၊ လက်တစ်ဆုပ်ကို
ရုတ်ခြည်းမြေခ၊ ကြဲပက်ချ၍
ဦးဖွဖန်ဆင်း၊ သိကြားမင်းကြောင့်
ချက်ချင်းရောက်ကာ၊ ပေါက်ဖွားလာသို့
ငါတို့၏တပ်မတော်၊ ထွန်းပေါ်ခဲ့သည်မဟုတ်။

✪ နတ်တို့ဖန်ဆင်း၊ ရေကန်တွင်းသို့
သက်ဆင်းသည့်သွင်၊ ထိုပုံပြင်နှယ်
အရှင်မွေးပြီး၊ နေ့ချင်းကြီး၍
ထီးတည်းရောက်ကာ၊ ပေါက်ဖွားလာသို့
ငါတို့၏တပ်မတော်၊ ထွန်းပေါ်ခဲ့သည်မဟုတ်။

✪ ကိုလိုနီခေတ်၊ ကျွန်အဖြစ်ဖြင့်
နွံနစ်မေးမို့န်၊ သေးသိမ်နိမ့်ကျ
မြေခဦးကျိုး၊ ဘဝမျိုးမှ
တို့ဘိုး တို့ဘွား၊ ပြည်ချစ်သားတို့
ကျားကုတ်ကျားခဲ၊ မဆုတ်ဖွဲ့ဖြင့်
ရဲသွေးနီမှု၊ ညီညွတ်မှုကြောင့်
ပြည်သူ့ကြားမှာ၊ ပေါက်ဖွားလာသည်
ငါတို့ဗမာ့ လွတ်လပ်ရေးတပ်မတော်။

✪ အရေးကြီးက၊ သွေးနီးကြဟု
မြန်မာ့ရန်သူ၊ တို့ရန်သူဟု
ဘယ်သူဖြိုဖြို၊ တို့မပြိုဟု
ဘယ်လိုခွဲခွဲ၊ တို့မကွဲဟု
လက်တွဲညီညာ၊ ပေါ်ပေါက်လာသည်
ငါတို့ဗမာ့ ကာကွယ်ရေး တပ်မတော်။

✪ တို့တပ်မတော်၊ ဦးဆောင်ခေါ်၍
တောင်ပေါ်မြေပြန့်၊ အနှံ့ပြည်လုံး
စုရုံးတူယှဉ်၊ မောင်းနှင်တိုက်ထုတ်
ဖက်ဆစ်ပြုတ်ခဲ့
မဟုတ်မခံ၊ ဇာတိမာန်နှင့်
နိုင်ငံလွတ်ရေး၊ အသက်သွေးကို
စတေးခဲ့ကာ၊ ချီတက်လာသည်
ငါတို့ မျိုးချစ်ဗမာ့တပ်မတော်။

(၅၉)နှစ်မြောက်
တပ်မတော်နေ့
အကြိုဂုဏ်ပြုကဗျာ

✪ သည်ယနေ့ခေတ်၊ သမိုင်းသစ်တွင်
ပြည်သစ်ဆောက်ကာ၊ ချီတက်ရာ၌
ဇာနည်မျိုးချစ်၊ ပြည့်ရှင်နှစ်ဟော့
အားသစ်ဆင့်လောင်း၊ ပြည့်သားကောင်းဟော့
သစ်ယောင်းတစ်ခက်၊ တို့အသက်နှယ်
ဖက်ရွက်တစ်ညှာ၊ တို့ခန္ဓာနှယ်
ရာထောင်တိုက်ပွဲ၊ ပါဝင်နွှဲခဲ့
ရဲသော်မသေ၊ သေသော်ငရဲမလား။
ပြည့်စစ်သားဟု
မှတ်သားကြည်ယုံ၊ မသုန်ဦးလည်
ဆန္ဒညီလျက်
ပြည်သူလျှောက်လှမ်း၊ ခရီးလမ်းကို
ဖြောင့်တန်းစေရန်၊ အဓိဋ္ဌာန်ဖြင့်
နိုင်ငံအတွက်၊ ကိုယ်နှင့်သက်ကို
နှင်းဆက်အပ်လှူ၊ ချစ်ကြည်ဖြူသည်
ပြည်သူထဲက ယနေ့ ပြည်သူ့တပ်မတော်။



မြင်းမူမောင်နိုင်မိုး

ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော် တရားဟောကြားမည်

ရန်ကုန် မတ် ၁၅

ဓမ္မဒူတ အရှင်ဆေကိန္ဒ သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇန ဟိတဓရ ဆရာတော်၏ တရားပွဲကို ဦးကျော်စိန်၊ဒေါ်ခင်အေးမိသားစုတို့က အမှတ်(၄၆) ငွေလရောင်လမ်း ဆရာစံ(တောင်)ရပ်ကွက် ဗဟန်းမြို့နယ်တွင် မတ် ၁၇ရက်နှင့် ၁၈ရက် ည ၇နာရီခွဲ၌ တရားဒေသနာများ ချီးမြှင့်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရောင်းပန်းအလှဆုံး၊ အရည်အသွေးအကောင်းဆုံး မြန်မာ့ကျောက်စိမ်းများနှင့် ရတနာပြပွဲ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–သန့်ဇင်ထွန်း(ကြေးမုံ)

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသည့် ကျောက်စိမ်းတွဲများအနက် တန်ဖိုးအမြင့်ဆုံးယူရို ၁၁သမ၈သန်း ကြမ်းခင်းဈေး သတ်မှတ်ထားသည့် ကျောက်စိမ်းတွဲအမှတ် ၁၀၅၇ကိုတွေ့ရစဉ်။
ဓာတ်ပုံ–သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် မတ် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရွှေ၊ ငွေ၊ ကျောက်မျက်၊ ပုလဲရတနာများ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ မိုးကုတ်ရတနာမြေ၊ မိုင်းရှူးရတနာမြေနှင့် ပြင်လုံရတနာမြေတို့သည် ပတ္တမြား၊ နီလာနှင့် အဖိုးတန် ကျောက်မျက် သယံဇာတများထွက်ရှိရာ ရတနာမြေများဖြစ်သည်။

ကချင်ပြည်နယ်မှ လုံးခင်း၊ဖားကန့်ဒေသများ၊စစ်ကိုင်းတိုင်းမှ ခန္တီးဒေသ၊ မော်လူးမော်ဟန် ဒေသတို့သည်

ယခုနှစ်တွင် ကျောက်စိမ်းအတွဲပေါင်း ၁၂၅၄တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၇၉တွဲနှင့် ပုလဲအတွဲပေါင်း၂၈၉တွဲတို့ကို ရောင်းချသွားမည်ဖြစ်သည်။

ယခုနှစ်ပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းအတွဲများအနက် တန်ဖိုးအကြီးဆုံး ကျောက်စိမ်းအတွဲမှာ ဖားကန့်ရတနာမြေ မမုန်မှော်တွင် မြန်မာစည်သူရတနာကုမ္ပဏီက တူးဖော်ရရှိခဲ့သော အလေးချိန်၈၇ကီလိုရှိ ကျောက်စိမ်းအရည်ကျောက်နှစ်တုံးဖြစ်ကာ ကြမ်းခင်းဈေး ယူရို ၁၁သမ ၈သန်း သတ်မှတ်ထားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ (၂၁)ကြိမ်တိုင် တက်ရောက်ခဲ့သော ဟောင်ကောင်မှ ရတနာကုန်သည် Ong Choo Sway (ခ)ဦးရွှေအား ကြေးမုံက တွေ့ဆုံမေးမြန်းစဉ်။ ဓာတ်ပုံ–ရန်ကင်းစိုးမင်း

အရည်အသွေးမီ ကျောက်စိမ်းများထွက်ရှိမှုကြောင့် ကမ္ဘာသို့တိုင် ထင်ရှားကျော်ကြားသည်။

ထို့အတူ မြိတ်ကျွန်းစုမှ ထွက်ရှိသော မြန်မာ့ပုလဲရတနာများသည်လည်း အရည်အသွေးကောင်း၍ ကမ္ဘာ့ဈေးကွက်၌ ရောင်းတန်းဝင်သည်။

ယင်းသို့ရတနာမြေများမှ ထွက်ရှိလာသည့် ကျောက်မျက်ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ကျောက်မျက်ရတနာပြပွဲကြီးများကို ၁၉၆၄ ခုနှစ်မှစတင်ကာ နှစ်စဉ်ခင်းကျင်းပြသ ရောင်းချခဲ့သည်။

နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်းသည် ကျယ်ပြန့်စွာတိုးတက်လာလျက်ရှိသည်။ ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းများကို ယခင်က နိုင်ငံတော်က အဓိကဆောင်ရွက်ခဲ့သည်။ ယခုအခါ နိုင်ငံတော်နှင့် နိုင်ငံသား ပုဂ္ဂလိကကျောက်မျက်ရတနာ ကုမ္ပဏီများ ပူးပေါင်းပြီး ကျောက်မျက်၊ ကျောက်စိမ်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၆ ရက်မှ ၂၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှစ၍ ကျင်းပခဲ့ရာ ယခု ၂၀၀၄ ခုနှစ်တွင် (၄၁)ကြိမ်ရှိပြီဖြစ်ပါသည်။ ထို့ပြင် နှစ်လယ်ကျောက်မျက်ရတနာပြပွဲများကိုလည်း ၁၉၉၂ ခုနှစ်မှစတင်ကျင်းပခဲ့ရာ ၂၀၀၃ ခုနှစ်အထိ (၁၂)ကြိမ်အထိရှိပြီဖြစ်သည်။

မတ်လ ၁၆ ရက်မှ ၁၈ ရက်အထိ ကျောက်စိမ်းအတွဲများကိုတင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်ရောင်းချသွားမည်ဖြစ်ပြီး မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ဈေးပြိုင်စနစ်များဖြင့် ရောင်းချမည်ဖြစ်သည်။

ပြပွဲ၏ နောက်ဆုံးရက်ဖြစ်သော မတ်လ ၂၁ရက်တွင်မူ ပုလဲအတွဲများကို တင်ဒါစနစ်၊ဈေးပြိုင်စနစ်များဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်မျက်များအနက် တန်ဖိုးအကြီးဆုံးပတ္တမြားမှာ မိုးကုတ် အာဘီဂျီကျောက်မျက်ကုမ္ပဏီမှ တူးဖော်ရရှိသော စကျင်ကျောက်တွင်စွဲဝင်နေသည့်ပတ္တမြားရိုင်းကြီးဖြစ်သည်။ မိုးကုတ်ကျောက်ပဒိန်း၂မှ တူးဖော်ရရှိခြင်းဖြစ်ပြီး အလေးချိန် ၁၁သမ၁၃ကီလိုဂရမ်ရှိပြီးပတ္တမြားခဲ၏ ခန့်မှန်းအလေးချိန် ၁၈၀၀ကရက်ရှိသည်။အခြေခံဈေး ယူရို၅၀၀၀၀သတ်မှတ်ထားသည်။

ပုလဲအတွဲများတွင်လည်း အတွဲအမှတ်(၂၅၁)၊ ရွှေရောင်ပုလဲအတွဲသည် တန်ဖိုးအမြင့်ဆုံးဖြစ်ပြီး ပုလဲလုံးရေ၆၉လုံးပါရှိကာ ယူရို၂၂၃၀၀ အခြေခံဈေး သတ်မှတ်ထားသည်။ အတွဲအမှတ်(၁၄၂) ငွေရောင်ပုလဲမှာလည်း အရည်အသွေးကောင်း ပုလဲအတွဲဖြစ်ပြီး အလေးချိန်၃၃ဒသမ၂၅မိုမီရှိကာ အခြေခံဈေး ယူရို၂၀၂၀၀ သတ်မှတ်ထားသည်။

ယခုနှစ် (၄၁)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်သည့်ရတနာကုန်သည်များအနက်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ၃၄၅ဦးဖြစ်ပြီးအများဆုံးဖြစ်သည်။ အခြားနိုင်ငံများဖြစ်သည့် ထိုင်း၊ ဂျပန်၊ အီတလီ၊သီရိလင်္ကာ၊ စင်ကာပူနိုင်ငံတို့မှလည်း ရတနာကုန်သည်များရောက်ရှိနေပြီ ဖြစ်ရာ ယခုအချိန်အထိပြည်ပနိုင်ငံများမှ ရတနာကုန်သည် ၄၀၃ဦး ရောက်ရှိနေပြီး ပြည်တွင်းမှလည်းရတနာကုန်သည် ၄၀၀ကျော် တက်ရောက်ဝယ်ယူကြမည်ဖြစ်ကြောင်း သိရသည်။

အရွယ်ညီပုလဲလုံးရေ ၆၉ လုံးပါရှိသော ငွေရောင်ပုလဲများကို တွေ့ရစဉ်။ ဓာတ်ပုံ–သန့်ဇင်ထွန်း(ကြေးမုံ)



မြန်မာ့ကျောက်မျက်ရတနာများတွင် ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံးဖြစ်ပြီး မြန်မာတစ်နိုင်ငံတည်းတွင်သာ အကောင်းဆုံးကျောက်စိမ်းများထွက်ရှိပြီး အခြားမည်သည့်နိုင်ငံထွက်ကျောက်စိမ်းမှ မြန်မာ့ကျောက်စိမ်းကို ယှဉ်ပြိုင်နိုင်ခြင်းမရှိပေ။ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ကြသည့် ရတနာကုန်သည်များ အနက် အများစုမှာ မြန်မာ့ကျောက်စိမ်း၏ အရည်အသွေးကို တန်ဖိုးထားမက်မောကြ၍ တက်ရောက်ဝယ်ယူကြခြင်းဖြစ်ကြောင်း ဟောင်ကောင်မှ ကျောက်မျက်ရတနာကုန်သည် Ong Choo Sway (ခ)ဦးရွှေ၏ ပြောစကားအရခိုင်လုံစွာသိရှိရပေသည်။ဦးရွှေမှာ ရန်ကုန်မြို့ ဇာတိဖြစ်ပြီး ယခုအခါ အသက်(၇၄)နှစ်ရှိပြီဖြစ်ကာ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ယခုအကြိမ်နှင့်ပါ (၂၁)ကြိမ်မြောက် တက်ရောက်ခဲ့သူဖြစ်သည်။ ၎င်းကပြောကြားရာတွင် ကမ္ဘာ့ကျောက်စိမ်းဈေးကွက်မှာ ယခင်က ဂျပန်နှင့်တရုတ်(တိုင်ပေ)တွင် အကြီးဆုံးဖြစ်ပြီး ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဈေးကွက်အကြီးဆုံးဖြစ်ကြောင်း၊ ကမ္ဘာ့ကျောက်စိမ်းအထွက်၏ ရာခိုင်နှုန်းအတော်များများကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ကြပြီး မြန်မာ့ကျောက်စိမ်းမှာ ရောင်းပန်းလှကာ အရည်အသွေးအကောင်းဆုံးနှင့်တန်ဖိုးအမြင့်ဆုံးဖြစ်ကြောင်း သိရှိရပေသည်။

မြန်မာ့ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ခြင်းကို ယခင်ကနိုင်ငံတော်ကအဓိကဆောင်ရွက်ခဲ့ရာမှ ယခုအခါတွင်ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများကို ကုမ္ပဏီအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများက အကျိုးတူ ပူးပေါင်း၍ ကျောက်မျက်တူးဖော်ခွင့်များရရှိကြကာ နိုင်ငံတော်သို့ ရတနာခွန်များပေးဆောင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မှုကြောင့် ကျောက်မျက်ထွက်ရှိမှု ပမာဏမှာလည်း မြင့်မားလာခဲ့ပြီဖြစ်ပေသည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသည့် ကျောက်စိမ်းတွဲများအနက် တန်ဖိုးအမြင့်ဆုံး ယူရို ၁ ဒသမ ၈ သန်း ကြမ်းခင်းဈေး သတ်မှတ်ထားသည့် အလေးချိန် ၈၇ကီလိုဂရမ်ရှိ ကျောက်စိမ်းတွဲကို အရည်အသွေး စစ်ဆေးကြစဉ်။
ဓာတ်ပုံ–သန့်ဇင်ထွန်း(ကြေးမုံ)

ထိုသို့ ရတနာမြေများမှ တူးဖော်ထွက်ရှိလာသော ကျောက်မျက်များကို ယခုကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် တင်သွင်းရောင်းချခြင်းဖြင့် နိုင်ငံခြားငွေများ ပိုမိုရရှိလာပြီး ကျောက်မျက်ရတနာများကို မသမာသူ ဝိသမလောဘသားများ၏ တရားမဝင် တူးဖော်ရောင်းချခြင်းမှ ကာကွယ်နိုင်ခဲ့ပြီဖြစ်ပါသည်။

သို့ဖြစ်၍ ယခုနှစ်ကျင်းပသည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နိုင်ငံတော်နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်းမှုဖြင့် ပြည်ပရတနာကုန်သည်များအကြိုက် မြန်မာ့ရတနာများ၏ အရည်အသွေးကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေမည့်ပြပွဲကြီးအဖြစ် ဂုဏ်ယူဝင့်ကြွားဖွယ်တွေ့မြင်ရမည်ဖြစ်ပေသည်။ ။

မြန်မာ့စီးပွားရေးဘဏ် အောက်မြန်မာပြည်မန်နေဂျာများ နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အောက်မြန်မာပြည် မန်နေဂျာများ ၂၀၀၃/၂၀၀၄ခုနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းညိမ်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ဌာနများမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း မန်နေဂျာများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့က မြို့တော်ခန်းမ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ **(အောက်ယာပုံ)**

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြို့တော်ဝန်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားရန်၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံရာတွင် ပြေပြစ်ချောမွေ့စွာဖြင့် စေတနာထား ဆောင်ရွက်ရန်၊ မြို့တော်ကြီး သန့်ရှင်းသပ်ရပ်မှု ယခုထက် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရန် မှာကြားသည်။ (၁၉)

အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် မတ် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ကွက်များ နိုင်ငံသားပုဂ္ဂလိက ကုမ္ပဏီနှင့် အသင်းများအား လုပ်ကိုင်ခွင့်ပြုမည့် ကြေညာချက်ထုတ်ပြန်

ရန်ကုန် မတ် ၁၅

ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ ခွင့်ပြုမိန့်ရယူ၍ တူးဖော်ထုတ်လုပ်လျက်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ အနက်မှ ၂၀၀၄ ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးမည့် လုပ်ကွက်များအပြင် လစ်လပ်လုပ်ကွက်များနှင့် ဖားကန့်၊ လုံးခင်း၊ နန့်ယားဆိပ် ဒေသများတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လုပ်ကွက်အဖြစ် သတ်မှတ်ထားသည့် သတ်မှတ်လုပ်ကွက်(အသစ်)များကို နိုင်ငံသားပုဂ္ဂလိက ကုမ္ပဏီနှင့် အသင်းများအား မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရန် ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

အဆိုပါ ကြေညာချက်၌ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့် နိုင်ငံသား ပုဂ္ဂလိက ကုမ္ပဏီနှင့်အသင်းများသည် လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများ ထုတ်ယူခြင်းကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ်(၆၆) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၌ ယနေ့မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာများ ထုတ်ယူခြင်းများ ဆောင်ရွက်နိုင်ကြပြီး အဆိုပြုလွှာပုံစံများကို ယနေ့မှစတင်၍ ဧပြီ ၇ရက်အတွင်း တင်သွင်းကြရန် ကြေညာထားသည်။

အသေးစိတ် အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် မိုးကုတ်နှင့်လုံးခင်းအခြေပြု ကျောက်မျက်၊ ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်အခြေပြု ကျောက်မျက်/ကျောက်စိမ်း(စခန်းရုံး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

❍ မြန်မာ့ကျောက်မျက်မှ

ရတနာကုန်သည် ၄၄၈ ဦး စုစုပေါင်း ရတနာကုန်သည် ၁၀၁၄ဦး ရောက်ရှိနေကြပြီဖြစ်သည်။

ယင်းသို့ ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် တက်ရောက်ကြသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကုမ္ပဏီ ၁၉၁ခုမှ ရတနာကုန်သည် ၄၈၂ဦး၊ ထိုင်းနိုင်ငံ ကုမ္ပဏီ ၁၇ ခုမှ ရတနာကုန်သည် ၅၀ဦး၊ဂျပန်နိုင်ငံကုမ္ပဏီသုံးခုမှရတနာကုန်သည် ၁၆ ဦး၊ အီတလီနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦး၊ သီရိလင်္ကာနိုင်ငံ ကုမ္ပဏီ သုံးခုမှ ရတနာကုန်သည် သုံးဦး၊ အမေရိကန်ပြည်ထောင်စု ကုမ္ပဏီ နှစ်ခုမှ ရတနာကုန်သည် သုံးဦးနှင့် စင်ကာပူနိုင်ငံ ကုမ္ပဏီခြောက်ခုမှ ရတနာကုန်သည် ၁၀ ဦးနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦးတို့ ဖြစ်ကြသည်။

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ရောက်ရှိနေကြသော ရတနာကုန်သည်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြသည်။

မတ် ၁၆၊ ၁၇ နှင့် ၁၈ ရက်များတွင် ရတနာပြပွဲ အစီအစဉ်အတိုင်း ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကော်ဖီကေတစ်သောင်း တိုးချဲ့စိုက်ပျိုးရေး ရှာငံမြို့နယ်တွင် ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၅

ရှမ်းပြည်နယ်မြောက်ပိုင်း ရှာငံမြို့နယ်ကို ကော်ဖီမြို့တော်အဖြစ် ကော်ဖီကေတစ်သောင်း တိုးချဲ့စိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၈ရက် နံနက် ၁၀နာရီတွင် ရှာငံမြို့နယ်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရှာငံမြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ပြင်ဦးလွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရှာငံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၂၉)ခုမှ ကျေးရွာ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ကော်ဖီစိုက်ပျိုးရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှာငံမြို့နယ် ကောင်စီဥက္ကဋ္ဌ ဦးဝေလင်းက ကော်ဖီစိုက်တောင်သူများအား တာဝန်ရှိဌာနများနှင့် ညှိနှိုင်းပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ရှာဖွေဖော်ထုတ်ပေးခြင်း၊ လိုအပ်သော သွင်းအားစုအထောက်အကူပြုပစ္စည်းများ ကူညီပံ့ပိုးခြင်း၊ ကော်ဖီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အမေရိကန်၏ အနာဂတ်အရေး အရှိအတိုင်းဆွေးနွေးရန် ဘုရှ်အား ဒီမိုကရက်တစ်သမ္မတလောင်း ကယ်ရီစိန်ခေါ်

ကွင်စီ(အီလီနွိုက်စ်) မတ် ၁၄

အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် လစဉ်စကားစစ်ထိုးပွဲတစ်ရပ်တွင် အမေရိကန် ပြည်ထောင်စု၏ အနာဂတ်ရေးနှင့် ပတ်သက်၍ အရှိအတိုင်း ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်လိုကြောင်း ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဂျွန်ကယ်ရီက သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အား စနေနေ့က စိန်ခေါ်လိုက်သည်။

အမေရိကန် ပြည်ထောင်စုအနေဖြင့် ရှစ်လကြာအပုပ်ချပွဲများပြုလုပ်ခြင်းဖြင့် ရောင့်ရဲမနေသင့်တော့ကြောင်း ကယ်ရီက ပြောကြားသည်။

ပြောကြား

အမေရိကန် ပြည်သူလူထုအနေဖြင့် မိမိတို့ ရှေ့မှောက်ဝယ် အခြေခံကျသည့် မေးခွန်းများနှင့် ပတ်သက်၍ စစ်မှန်သည့် ပြောကြားမှုများကို သိရှိလိုနေကြပြီဖြစ်သည်ဟု မိမိယုံကြည်ထားကြောင်း ကယ်ရီက အီလီနွိုက်စ်ပြည်နယ်ကွင်စီမြို့တွင် ပြောကြားသည်။

သမ္မတ လောင်းလျာသစ်များ အနေဖြင့် ပြဿနာများအား ရင်ဆိုင်ဖြေရှင်းသည်ထက် ရှုတ်ချပြောဆိုခြင်းသည် လွယ်ကူသည်ဟု သိရှိနေကြကြောင်း၊ ယင်းကြောင့် အမေရိကန် အနာဂတ်ရေး ဆွေးနွေးမှု လှုပ်ရှားမှုသည် အမေရိကန် ပြည်ထောင်စုအတွက် အကောင်းဆုံးသော အပြုသဘောလုပ်ငန်း အစီအစဉ်ပင်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

မိမိတို့အနေဖြင့် ထင်ရှားကျော်ကြားမှုများအတွက် တစ်ဦးနှင့်တစ်ဦး ဝေဖန်တိုက်ခိုက်မှုများ စတင်ပြုလုပ်နိုင်ခဲ့သလို အမေရိကန်ပြည်ထောင်စု၏ အနာဂတ်ရေးနှင့် ပတ်သက်၍ အမှန်အကန် ဆွေးနွေးပွဲများ စတင်ပြုလုပ်ရန် သဘောတူညီနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြိုးပမ်းနေ

ဘုရှ်က ဂျွန်ကယ်ရီသည် အခွန်မြှင့်တင်ကောက်ခံရန် စီစဉ်လျက်ရှိပြီး အမေရိကန်၏ လုံခြုံရေးအား ချည့်နဲ့စေရန် ကြိုးပမ်းနေကြောင်း၊ ဂျွန်ကယ်ရီကလည်း ဘုရှ်သည် ပြည်သူများအား လမ်းလွဲလိုက်စေရန် ဆောင်ရွက်နေကြောင်း စသဖြင့် ကြော်ငြာများထည့်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တိုက်ခိုက်နေကြသည်။

အကြမ်းဖက် တိုက်ခိုက်မှုအပေါ် စစ်ဆင်နွှဲမှု၊ အလုပ်လက်မဲ့ဖြစ်ရမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှုကင်းမဲ့သည့် အမေရိကန်ပြည်သူလူထု၏ ဒုက္ခစသည့်ကိစ္စများ အပါအဝင် ကြီးမားသည့် ပြဿနာများနှင့် စပ်လျဉ်း၍ လစဉ်စကားစစ်ထိုးပွဲတွင် ဆွေးနွေးသွားကြရန် ကယ်ရီက ဘုရှ်အား စိန်ခေါ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်သို့ အိုင်စီအာစီအဖွဲ့ ပြန်လည်သွားရောက်ရေး လုံခြုံရေးအခြေအနေအပေါ် မူတည်ဟုပြောကြား

လစ္စဘွန်း မတ် ၁၄

နိုင်ငံတကာကြက်ခြေနီကော်မတီ(အိုင်စီအာစီ)က အီရတ်နိုင်ငံ ဘဂ္ဂဒက်နှင့် ဘာဆရာမြို့များသို့ ပြန်လည်သွားရောက် မည့်ကိစ္စသည် ယင်းဒေသများ၏ လုံခြုံရေးအခြေအနေအပေါ် မူတည်ကြောင်း အိုင်စီအာစီ ဥက္ကဋ္ဌ ဂျေကော့ကယ်လင်ဘာဂျာက သောကြာနေ့တွင် ပြောကြားသည်။

အိုင်စီအာစီက အီရတ်နိုင်ငံရှိ အခြားဒေသများတွင် ကူညီရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ကယ်လင်ဘာဂျာက ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီး ထရက်ဆာဂူဗီရီယာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့ရှိ အိုင်စီအာစီဌာနချုပ်အနီး ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်က ပြင်းထန်သည့်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၃၅ ဦးသေဆုံးခဲ့ပြီးနောက် အိုင်စီအာစီက ၎င်း၏ဝန်ထမ်းများအား ဘဂ္ဂဒက်နှင့်ဘာဆရာမြို့များမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။

အိုင်စီအာစီက စစ်သုံ့ပန်းများအားကူညီရန်၊ မိသားစုများပြန်လည်ပေါင်းစည်းစေရေးနှင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်ပါက ဆေးဝါးဖြည့်တင်းရေးစသည့် ကိစ္စများတွင် ကူညီသွားရန် အလေးပေးပြောကြားသွားသည်။

ကယ်လင်ဘာဂျာသည် ပေါ်တူဂီသမ္မတ ဂျော့ဂျ်ဆန်ပီရိုနှင့် သောကြာနေ့တွင်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ပေါ်လိုပေါ်တပ်ခ်နှင့် ကြာသပတေးနေ့တွင်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကယ်လင်ဘာဂျာသည် ပေါ်တူဂီနိုင်ငံသို့ နှစ်ရက်ကြာလည်ပတ်ရန်အတွက် လစ္စဘွန်းသို့ ကြာသပတေးနေ့က ဆိုက်ရောက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်ရှိ လူစည်ကားရာဒေသတွင် ဗုံးပေါက်ကွဲ၍ လူအများအပြားဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် လူစည်ကားရာ စီးပွားရေး အချက်အချာကျသည့် နေရာရှိ ဈေးဆိုင်တန်း အပြင်ဘက်တွင် စနေနေ့က ဗုံးတစ်လုံး ပေါက်ကွဲရာ လူအများအပြား ထိခိုက်ဒဏ်ရာရရှိပြီး လူအချို့မှာ ဆိုးဆိုးရွားရွား ဒဏ်ရာရရှိကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မျက်မြင်တွေ့ရှိ

ပေါက်ကွဲမှုဖြစ်ပြီး မကြာမီ အဆိုပါ လူစည်ကားရာ ကာရာဒါဒေသရှိ အဝတ်အထည်ရောင်းသည့် စတိုးဆိုင် အပြင်ဘက် လူသွားစင်္ကြံလမ်းတွင် သွေးများ အိုင်ထွန်းနေလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ သယ်ဆောင် သွားကြောင်း၊ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေဆုံးဖွယ်

ယင်းပေါက်ကွဲမှုကြောင့် လူတစ်ဦး သေဆုံးဖွယ်ရှိသည်ဟု မျက်မြင်တွေ့ရှိသူအချို့က ပြောကြားသည်။

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန် စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လုံခြုံရေး စောင့်ကြပ်

မတ် ၁၄ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇင်ဘာဘွေနိုင်ငံ၌ ရွှေတင်ပို့မှု နှစ်ဆတိုးလာ

ဟာရာရေး မတ် ၁၄

လွန်ခဲ့သော သုံးလအချိန်အတွင်း ဇင်ဘာဘွေနိုင်ငံ၏ ပြည်ပသို့ ရွှေတင်ပို့မှုမှာ ပမာဏအားဖြင့် ၁၀၀ ရာခိုင်နှုန်းတိုးမြင့်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ဇင်ဘာဘွေဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဂစ်ဒီယွန်ဂိုနိုက ပြောကြားခဲ့သည်။

ယင်းအချိန်အတောအတွင်း ရွှေတင်ပို့မှုပမာဏသည် အလေးချိန်အားဖြင့် အောင်စ ၂၈၀၀၀ ရှိနေရာမှ အောင်စ ၅၄၀၀၀ အထိ မြင့်တက်သွားခဲ့သည်။

တစ်နှစ်လျှင် ပြည်ပသို့ ရွှေတင်ပို့မှု နှစ်သုတ်ခွဲ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဂိုနိုက ပြောကြားသည်။ တစ်သုတ်တင်ပို့လျှင် ရွှေချိန် ၁၄၀၀၀ အောင်စ တင်ပို့လေ့ရှိသည်။

လာမည့်နှစ်လတွင်လည်း ရွှေများ တိုး၍ တင်ပို့နိုင်ဖွယ်ရှိကြောင်း ဂိုနိုက ဆိုသည်။

ဇင်ဘာဘွေနိုင်ငံသည် ဇန်နဝါရီလတွင် ရွှေတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈ သန်း ရရှိခဲ့သည်။

ယခုနှစ်တွင် အစိုးရက တရားမဝင် ရွှေရောင်းဝယ်မှုများကို တင်းတင်းကျပ်ကျပ်ထိန်းချုပ် အရေးယူလိုက်သည်။ ထိုသို့ အရေးယူခံပြီးနောက် ဇင်ဘာဘွေ၏ ရွှေတင်ပို့မှုမှာ သိသိသာသာ မြင့်တက်လာသည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရော်ဘာဈေးနှုန်းခိုင်မာရေး ထိုင်း၊ မလေးရှား၊အင်ဒိုနီးရှားတို့ ပူးတွဲဆောင်ရွက်

ဗန်ကောက် မတ် ၁၄

ကမ္ဘာ့ဈေးကွက်၌ ရော်ဘာဈေးနှုန်းကို တစ်ကီလိုဂရမ်လျှင် ၁ ဒသမ ၁၀ ဒေါ်လာနှုန်းထားတွင် ထိန်းထားနိုင်ရေးအတွက် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့၏ သုံးနိုင်ငံ ရော်ဘာလုပ်ငန်း ရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းထူထောင်ပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနက ကြေညာသည်။

ကမ္ဘာပေါ်တွင် ရော်ဘာအများဆုံး တင်ပို့ရောင်းချလျက်ရှိသော အဆိုပါ သုံးနိုင်ငံတို့၏ ဝန်ကြီးအဆင့် အစည်းအဝေးကို မကြာသေးမီက ဗန်ကောက်မြို့တွင် ကျင်းပခဲ့ပြီး ယင်းအစည်းအဝေး၌ ရော်ဘာလုပ်ငန်း ရန်ပုံငွေအဖွဲ့ ဖွဲ့စည်းရေး သဘောတူညီချက် ရခဲ့ကြောင်းနှင့် အဆိုပါ အစည်းအဝေးသို့ ဗီယက်နမ်က လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြောင်း ထိုင်းသတင်းဌာနက စနေနေ့တွင် ဖော်ပြထားသည်။

အဆိုပါအဖွဲ့၏ ရန်ပုံငွေဖြင့် အဖွဲ့ဝင် သုံးနိုင်ငံတို့၏ ဈေးကွက်များတွင် ရော်ဘာဈေးနှုန်း ကျမသွားအောင် ကျားကန်ပေးမည်ဖြစ်ကြောင်း ထိုင်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး ဆွမ်ဆက်သက်ပဆူသင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး တရုတ်နှင့် ရုရှားအမြင်ချင်းဖလှယ်

မော်စကို မတ် ၁၄

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် လာမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ ထိပ်သီး အစည်းအဝေးကြိုတင် ပြင်ဆင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ အဆိုပါအဖွဲ့၏ အတွင်းရေးမှူးချုပ် ကျန်တေးကွမ် သည် ရုရှားနိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး ဗယ်လာရီ လိုရှချင်နင်နှင့် သောကြာနေ့တွင် တွေ့ဆုံကာ အမြင်ချင်းဖလှယ်ခဲ့သည်။

မစ္စတာ ကျန်သည် အဖွဲ့၏ အတွင်းရေးမှူးချုပ်တာဝန်ကို ဇန်နဝါရီလအတွင်း စတင်ထမ်းဆောင်ခဲ့ပြီးနောက် ဥဇဘက် ကစ္စတန်သို့ ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် သုံးရက်ကြာ အလည်အပတ် ရောက်ရှိခဲ့သည်။ အဆိုပါ ခရီးစဉ်အပြီးတွင် ၎င်းသည် ယခင် သီတင်းပတ် ကြာသပတေးနေ့၌ မော်စကိုသို့ ရောက်ရှိခဲ့သည်။

ဒေသတွင်း လုံခြုံမှုထိန်းသိမ်းရေး၊စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု တိုးတက်ရေး၊နိုင်ငံတကာ အကြမ်းဖက် ဝါဒ၊ ဆေးဝါး မှောင်ခိုရောင်းဝယ်မှုနှင့် အုပ်စုဖွဲ့ပြစ်မှုကျူးလွန် သူများအား တိုက်ဖျက်ရေး စသည့် ရည်ရွယ်ချက် များဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ကို ၂၀၀၁ ခုနှစ် ဇွန်လတွင် စတင် ဖွဲ့စည်းခဲ့သည်။ အဆိုပါ အဖွဲ့တွင် အဖွဲ့ဝင် နိုင်ငံများအဖြစ် တရုတ်၊ ရုရှား၊ ဥဇဘက် ကစ္စတန်၊ ကာဂျစ္စတန်နှင့် တာဂျီကစ္စတန်တို့ ပါဝင်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

မတ် ၁၂ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် သင်္ကာမကင်းသူများအား စီးနင်းဝင်ရောက်ရန် ပြင်ဆင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

နိုင်ငံတကာဥပဒေကို ချိုးဖောက်သည့် အမေရိကန်၏ ကျူးကျော်စစ်ကြောင့် အီရတ်တို့ သေကျေခဲ့ရမှု

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော် သိမ်းပိုက်မှုမှာ ယခုအခါ တစ်နှစ် ပြည့်မြောက်တော့မည် ဖြစ်သည်။ နိုင်ငံတကာဥပဒေအား ချိုးဖောက်ကာအီရတ်နိုင်ငံကိုကျူးကျော်တိုက်ခိုက်ခဲ့ရာတွင် အရပ်ဘက်အဆောက်အအုံ အများအပြား ထိမှန်ပျက်စီးခဲ့ရသကဲ့သို့ အပြစ်မဲ့ ပြည်သူများမှာလည်း သေကျေ ဒဏ်ရာရမှု မြောက်မြားစွာ ရှိခဲ့သည်။

၂၀၀၄ မတ်လ ပထမပတ်အထိ အီရတ်နိုင်ငံသားများသေဆုံးရမှု

အကြောင်းအရာ	သေဆုံးသူ
လမ်းဘေးဗုံးကွဲခြင်း	၁၄
သေနတ်ကျည်ထိမှန်ခြင်း	၂၈၃
လေကြောင်းမှတိုက်ခိုက်ခြင်း	၁၂၇၁
ကလပ်စတာဗုံးပေါက်ကွဲခြင်း	၂၇၉
ကားဗုံးပေါက်ကွဲခြင်း	၁၄၅
အခြားဖြစ်စဉ်များ	၇၈၆၅
စုစုပေါင်း	**၉၈၅၇**

ဖေဖော်ဝါရီ ၂၇ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား ပြီးနောက် မီးလောင်ပျက်စီးခဲ့သည့် ကားများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၁၀ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တောင်ဘက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၁၉ရက်က အီရတ်နိုင်ငံ ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်စစ်ပွဲ မှတ်တမ်းများ

ဖေဖော်ဝါရီ၁၄ရက်က ဆူဝါရာ မြို့၌ အမေရိကန်တို့၏ ဒုံးကျည်ထိမှန်မှုကြောင့် အီရတ်တို့၏ အဆောက်အအုံ တစ်ခု ပျက်စီးနေစဉ်။

ဖေဖော်ဝါရီ ၁၄ ရက်က ဖော်လူဂျာ မြို့တွင် အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ အီရတ် တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

(၅၉)နှစ်မြောက်တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ ၁၈၀အထက်)	၁၆	၁၆၇
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၉၀၇
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၈

ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖောက်လုပ်ခဲ့သည့်လမ်းများ

စဉ်	ပြည်နယ်/တိုင်း	မီးရထားလမ်း	မော်တော်ကားလမ်း
၁။	ရန်ကုန်တိုင်း	တိုးကြောင်လေး–အုတ်ဖိုစု ညေင်းကုန်း–အုတ်ဖို	တိုက်ကြီး–ဖူးကြီး–ဖောင်ကြီးလမ်း ရန်ကုန်–ပဲခူးခြောက်လမ်းသွား
၂။	ရှမ်းပြည်နယ်	ရွှေညောင်–ရပ်စောက် အောင်ပန်း–လွိုင်ကော် နမ့်စန်–မိုးနဲ ဘန်းယဉ်–ဖာမွန် တောင်ကြီး–ဖာမွန် ရွှေညောင်–တောင်ကြီး နမ့်စန်–မိုင်းဝမ်	တာကော်–မိုင်းပျင်း–ကျိုင်းတုံလမ်း ကျိုင်းတုံ–တာချီလိတ်လမ်း ရပ်စောက်–ကျောက်ဂူ–တောင်ခမ်း–နောင်ချို
၃။	ဧရာဝတီတိုင်း	–	ပုသိမ်–သလပ်ခွာ–မော်တင်စွန်း ပုသိမ်–သလပ်ခွာ–ငွေဆောင်လမ်း တာကွေ့–ကဇုန်း မအူပင်–ဆားမလောက်
၄။	ကချင်ပြည်နယ်	မြစ်ကြီးနား–နမ့်ပေါင်	မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို တနိုင်း–နန်းယွန်း
၅။	ကယားပြည်နယ်	အောင်ပန်း–လွိုင်ကော်	ဖားဆောင်း–ခဲမဖြူ–ထီးထ–စောထ
၆။	ကရင်ပြည်နယ်	–	ကော့ကျိုက်–ကော့ပရံ–ဇာသပြင်
			ဘောကလိကြီး–မော်ချီး
		–	ဝါးဘိုးတော–ကမမောင်း
		–	ဖာပွန်–ကမမောင်း

ကျိုင်းတုံ–မိုင်းပျင်း–တာကော် ကားလမ်း အဆင့်တိုးမြှင့်ပြုပြင်ရေး လုပ်ငန်းများတွင် တပ်မတော်သားများ၏ လုပ်အားဖြင့် ဤသို့ ဆောင်ရွက် ခဲ့ကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှမ်းပြည်နယ်အတွင်း ဖောက်လုပ်ခဲ့သည့် ဆိုက်ခေါင်–နမ့်စန်ရထားလမ်းတွင် တပ်မတော်သားများက ဤသို့ပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ရေး – ထားဝယ် ရထားလမ်း

၁၀၁ ဒသမ ၄၇မိုင်ရှည်သည့် ရေး–ထားဝယ် ရထားလမ်းဖောက်လုပ်မှုလုပ်ငန်းခွင်၌ တပ်မတော်သားများက ဤသို့ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

သံလမ်းတပ်ဆင်

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အုတ်ဖိုစု–သီလဝါရထားလမ်း ဖောက်လုပ်မှုလုပ်ငန်းခွင်တွင် တပ်မတော်(ရေ)မှ တပ်မတော်သားများ သံလမ်း တပ်ဆင်နေကြစဉ်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံးတွင် တွေ့ကြုံရင်ဆိုင်ခဲ့ရသော ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကို ဖယ်ရှားချေမှုန်းပြီး လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် အမျိုးသားရေးဦးတည်ချက်ကို ဦးထိပ်ပန်ဆင်လျက် ဖြတ်သန်းခဲ့သည်မှာ သမိုင်းသက်သေအဖြေရှိပြီးဖြစ်သည်ဟု ဆိုချင်ပါသည်။

ယင်းသမိုင်းသက်သေများကို အကျဉ်းအားဖြင့် ရည်ညွှန်းကိုးကားရလျှင် တစ်မျိုးသားလုံး၏ အသက်၊ သွေး၊ ချွေးဖြင့် တည်ဆောက်ခဲ့ရသော လွတ်လပ်ရေးခေတ်ဦးကာလမှာပင် ပြည်ပလက်ဝဲအုပ်စု၏ သြဇာခံဖြစ်သော ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ)သည် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖဆပလအစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပြီး ၁၉၄၉ ခုနှစ်ဦးတွင် တိုင်းရင်းသားအဖွဲ့အစည်းအချို့ကလည်း နယ်ချဲ့သူသျှိုတို့၏ သပ်လျှိုသွေးခွဲမှုဖြင့် ဖဆပလအစိုးရကို လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ယင်းနောက် အခြားတိုင်းရင်းသားအဖွဲ့အစည်းအချို့ကလည်း ဖဆပလကို လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်လာသကဲ့သို့ ပြည်သူ့ရဲဘော်အဖွဲ့မှ ခွဲထွက်လာခဲ့သော ဗကပသြဇာခံ ရဲဘော်ဖြူတို့ကလည်း ဖဆပလအစိုးရကို လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်လာကြသဖြင့် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုမရှိတော့ဘဲ လက်နက်ကိုင်ပဋိပက္ခ ဝဲဂယက်ထဲ၌ နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးသည် ဆုံးရှုံးပျက်စီးမှု သေကျေမှုများဖြင့် လူမှုဘဝအနိဋ္ဌာရုံများ တွေ့ကြုံခံစားခဲ့ရသည်။

နိုင်ငံတော်၏ အလုံးစုံသော အခြေအနေများသည် အကွပ်မဲ့ကြမ်း ပရမ်းပတာကဲ့သို့ဖြစ်နေစဉ်မှာပင် နိုင်ငံတော်ကို တာဝန်ယူဦးဆောင်နေသော ဖဆပလအစိုးရအဖွဲ့ဝင် ဆိုရှယ်လစ်ပါတီမှ ဝန်ကြီးများက တာဝန်မှနုတ်ထွက်ခဲ့ကြရာ ဝန်ကြီးချုပ်ဖြစ်သူသည် တပ်မတော်အား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ကို တာဝန်ပေးအပ်ပြီး ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခကို ငြိမ်းသတ်ရန်နှင့် ရပ်ရွာတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်စေခဲ့သည်။ တပ်မတော်သည် ရှိသည့်လူအင်အား လက်နက်အင်အား ချို့ချို့ငဲ့ငဲ့ဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ငြိမ်းသတ်ခဲ့ရသည်။

တပ်မတော်သည် ၁၉၅၀-၅၁ ခုနှစ်တွင်နိုင်ငံနှင့်အဝန်း ၇၅ ရာခိုင်နှုန်း ငြိမ်းချမ်းအောင်ဆောင်ရွက်နိုင်သကဲ့သို့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာတည်ငြိမ် အေးချမ်းသာယာရေးကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးမဆုံးရှုံးရန်နှင့် ပြည်ထောင်စုကြီး မပြိုကွဲရန် ပထမအကြိမ် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

ဤသို့လျှင် ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခကို ငြိမ်းသတ်ပြီး တည်ငြိမ်အေးချမ်းသော အခြေအနေ တစ်ရပ်အား တပ်မတော်က ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သော်လည်း တည်ဆဲဖဆပလအစိုးရ၏ ဆိုရှယ်လစ်ပါတီသည် နှစ်ခြမ်းကွဲခဲ့ပြီး ဆိုရှယ်နီဟူ၍ အတိုက်အခံ နိုင်ငံရေးပါတီကိုဖွဲ့စည်းလျက် ဖဆပလအစိုးရနှင့် အားပြိုင်လာခဲ့သည်။ အခြားတစ်ဖက်တွင်လည်း နိုင်ငံတကာ သူလျှိုအဖွဲ့ကြီး၏ ကျောထောက်နောက်ခံဖြင့် ကေအမ်တီ တရုတ်ဖြူတို့က မြန်မာနိုင်ငံကို ကျူးကျော်လာခဲ့ရာ တပ်မတော်သည် ရန်ကြီးအောင် စစ်ဆင်ရေး၊ နဂါးနိုင်စစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေး၊ မဲခေါင်စစ်ဆင်ရေးများဖြင့် ပြင်းပြင်းထန်ထန် တွန်းလှန်ချေမှုန်း၍ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ တပ်မတော်(လေ)မှ သူရဲကောင်းစစ်သည် ဗိုလ်ပီတာအပါအဝင် ထောင်နှင့်ချီသော တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များစွာ၏ အသက်၊ သွေး၊ ချွေးများ ပေးဆပ်ပြီး ပြည်ပအန္တရာယ်ကို တွန်းလှန်ချေမှုန်းခဲ့ရသည်။

ယင်းသို့ တပ်မတော်က ပြည်ပအန္တရာယ်နှင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတို့ကို တွန်းလှန်ချေမှုန်း ဖြေရှင်းဆောင်ရွက်နေစဉ်မှာပင် ၁၉၅၀ပြည့်နှစ်အတွင်း နိုင်ငံတော်ကို တာဝန်ယူနေသော ဖဆပလအစိုးရသည် တည်မြဲ၊ သန့်ရှင်းဟူ၍ နှစ်ခြမ်းကွဲလာသဖြင့် နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းမှု ကင်းမဲ့လာခဲ့သည်။ သန့်ရှင်းဖဆပလအစိုးရသည် တပ်မတော်အား ပြည်သူ့လွှတ်တော်မှ တစ်ဆင့် အိမ်စောင့်အစိုးရဖွဲ့စည်း၍

အင်းစိန်မြို့သိမ်းတိုက်ပွဲ

လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ဖြစ်ပွားစဉ် တပ်မတော်က အင်းစိန်မြို့ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နေစဉ်။

သမိုင်းသ

သိန်းစိုး(ဧ

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက်က ကျူးကျော်လာ သည့် ရန်သူ့လေယာဉ်နှင့် မြန်မာ့တပ်မတော်တိုက် လေယာဉ်တို့၏ လေ

ကြောင်းတိုက်ပွဲတွင် တိုင်းပြည်အ
ခဲ့သည့် လေသူရဲ ဗိုလ်ပီတာ။

ကူညီပေးရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အ
တာဝန်ပေးခဲ့သည်။ တပ်မတော်သ
ရေး၊ တရားဥပဒေစိုးမိုးရေးတို့က
ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည်
ရရှိခဲ့သော သန့်ရှင်းဖဆပလ (ပြည
၁၉၆၀ပြည့်နှစ် ဧပြီလ၁၆ ရက်ဝ
ပြန်လည် လွှဲအပ်ပေးခြင်းဖြင့် လွ
အာဏာ မဆုံးရှုံးရန်ကိုလည်းကော
တိုင်းရင်းသားစည်းလုံးညီညွတ်ရေ
လည်းကောင်း ဒုတိယအကြိမ်မြော
ပြန်သည်။

သို့စေကာမူ ပထစအစိုးရသည်
နှုတ်လွန်ကတိစကားများဖြင့် တိုင်း

ရန်ကြီးအောင် စစ်ဆင်ရေး

နိုင်ငံတကာ သူလျှိုအဖွဲ့ကြီး၏ ကျောထောက်နောက်ခံဖြင့် မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်လာခဲ့သော ကေအမ်တီတရုတ်ဖြူတို့ကို တွန်းလှန်ချေမှုန်းခဲ့သည့် ရန်ကြီးအောင်စစ်ဆင်ရေး (၁၉၅၅) မြင်ကွင်းတစ်နေရာကို တွေ့ရစဉ်။

(၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး



မင်းရန်အောင် စစ်ဆင်ရေး

မင်းရန်အောင် စစ်ဆင်ရေးတွင် အမှတ် (၁၀၇) ခြေမြန်တပ်ရင်းက သိမ်းပိုက်ဖမ်းဆီးရမိခဲ့သော လက်နက်များကို အောင်ပွဲရတပ်မတော်သားများနှင့်အတူ တွေ့ရစဉ်။

သမိုင်းသက်သေအဖြေပေးနေသည်

သိန်းစိုး(တောင်ငူ)

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက်က ကျူးကျော်လာ သည့် ရန်သူ့လေယာဉ်နှင့် မြန်မာ့တပ်မတော်တိုက် လေယာဉ်တို့၏ လေကြောင်းတိုက်ပွဲတွင် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သည့် လေသူရဲ ဗိုလ်ပီတာ။

ကူညီပေးရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ လွှဲအပ်တာဝန်ပေးခဲ့သည်။ တပ်မတော်သည် နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ပြီးသည်နှင့် ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော သန့်ရှင်းဖဆပလ (ပြည်ထောင်စုပါတီ) အစိုးရအား ၁၉၆၀ပြည့်နှစ် ဧပြီလ၁၆ ရက်တွင် နိုင်ငံတော်အာဏာကို ပြန်လည် လွှဲအပ်ပေးခြင်းဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးရန်ကိုလည်းကောင်း၊ ပြည်ထောင်စုမပြိုကွဲရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲရန်အတွက်လည်းကောင်း ဒုတိယအကြိမ်မြောက် ကာကွယ်စောင့်ရှောက်ခဲ့ရပြန်သည်။

သို့စေကာမူ ပထစအစိုးရသည်လည်း ယင်း၏ရွေးကောက်ပွဲနှုတ်လွန်ကတိစကားများဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရနိုင်သော ပြဿနာများကြောင့် ပြည်ထောင်စုကြီးမှ ခွဲထွက်ရန် ကြိုးပမ်းမှုများနှင့် ရင်ဆိုင်လာခဲ့ရသည်။

ယင်းနိုင်ငံရေး အကျပ်အတည်းအား ပထစအစိုးရသည် ပြတ်ပြတ်သားသား မဖြေရှင်းနိုင်သဖြင့် ပြည်ထောင်စုကြီးပြိုကွဲပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်လည်း ပြိုကွဲလာနိုင်သော အလားအလာများအပါအဝင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးတော့မည့် အန္တရာယ်များသည် နေ့လားညလား ဖြစ်ပေါ်လာခဲ့ရာ ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့တွင် တပ်မတော်သည် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို လွှဲပြောင်းထိန်းသိမ်းလိုက်ရသည်။

မဲခေါင်စစ်ဆင်ရေး (၁၉၆၁) တွင်သိမ်းဆည်းရမိခဲ့သော တရုတ်ဖြူစခန်းတစ်ခုကို တွေ့ရစဉ်။

လွတ်လပ်ရေးမဆုံးရှုံးရန်နှင့် ပြည်ထောင်စုကြီးမပြိုကွဲရန် တပ်မတော်က တတိယအကြိမ်မြောက် ကာကွယ်စောင့်ရှောက် ခဲ့ရခြင်းဖြစ်သည်။

တပ်မတော်သည် တော်လှန်ရေးကောင်စီကို ဖွဲ့စည်း၍ နိုင်ငံတော်ကို တာဝန်ယူဦးဆောင်ခဲ့ရာတွင် မြန်မာနိုင်ငံအား ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဖွဲ့စည်းခြင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပြီး အတည်ပြုပြဋ္ဌာန်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများကျင်းပ၍ နိုင်ငံတော်အာဏာကို လမ်းစဉ်ပါတီအစိုးရသို့ လွှဲအပ်ပေးခြင်းတို့ဖြင့် ခေတ်ပြောင်းတော်လှန်ရေး၏ အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးခဲ့သည်။

သို့သော်လည်း ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးအား လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့သော လမ်းစဉ်ပါတီအစိုးရ၏ အားနည်းချက်များသည်လည်းကောင်း၊ နိုင်ငံတကာနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု ဂယက်ရိုက်ခတ်မှုတို့ဖြင့်လည်းကောင်း ဆိုရှယ်လစ်နိုင်ငံတော်တည်ဆောက်ရေးသည် အခက်အခဲအကျပ်အတည်းများဖြင့် ရင်ဆိုင်လာခဲ့ရသည်။ ပြည်တွင်းပြည်ပ ဝဲယာနိုင်ငံရေးအုပ်စုများ၏ လှုံ့ဆော်စည်းရုံးမှုများဖြင့် ၁၉၈၈ ခုနှစ် မတ်လမှစ၍ မင်းမဲ့စရိုက်များ လွှမ်းမိုးလာခဲ့သည်။ တစ်နိုင်ငံလုံး ကြိမ်မီးအုံးသကဲ့သို့ ဆူပူမှုဂယက်များ၊ လုယက်မှု၊ မီးရှို့မှု၊ သတ်ဖြတ်မှုတို့ဖြင့် အနိဋ္ဌာရုံဖြစ်စဉ်များသည် နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိသည်။ ယင်းအခြေအနေများသည် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးမည့် အန္တရာယ်များဖြစ်၍ ထိုအန္တရာယ်များကို တပ်မတော်က စတုတ္ထအကြိမ်မြောက် တွန်းလှန်ဖယ်ရှားပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရခြင်းပင်ဖြစ်သည်။

ချုပ်၍ဆိုရလျှင် တပ်မတော်သည် လေးကြိမ်တိုင်တိုင် ရင်ဆိုင်ခဲ့ရသော နိုင်ငံရေး၊ စစ်ရေးအကျပ် အတည်းများအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုကို ချစ်မြတ်နိုးသော စိတ်တို့ဖြင့် အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားခဲ့ပြီးဖြစ်သည်။ တစ်နည်းအားဖြင့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်သည့် တပ်မတော်၏ အစဉ်အလာလည်းဖြစ်သည်။ အနာဂတ်ကာလတွင်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ထက်မြက်ရှင်သန်နိုးကြားသော အမျိုးသားရေးစိတ်ဓာတ်ဖြင့် အောင်မြင်စွာ တည်ဆောက်နိုင်မည်မှာ မလွဲမသွေပင်ဖြစ်သည်ဟူ၍ အလေးအနက် ဆိုလိုက်ပါသည်။ ။

ဓမ္မဒူတ တရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀၈ တောင် ဘုရားဝင်းအတွင်း၌ ဓမ္မဒူတ ဆရာတော်များဖြစ်ကြသည့် အရှင်ပညာဝရ(တောင်စွန်း)က မတ် ၁၈ ရက်၊ အရှင်ပညိဿရ(တောင်စွန်း)က မတ် ၁၉ ရက်၊ အရှင်ဝိမလ(တောင်စွန်း)က မတ် ၂၀ ရက်၊ အရှင်ဆေကိန္ဒ(မှော်ဘီ)က မတ် ၂၁ ရက်နှင့် အရှင်ပညိဿရ(တောင်စွန်း)က မတ် ၂၂ ရက်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇နာရီခွဲမှစ၍ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

ရွှေကျင်ချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက် ရေအားလျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်မည်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တွင် ခင်းကျင်းပြသထားသော တမံ ဖြတ်ပိုင်း ပုံစံငယ်ကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

✪ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ နောက်ခံသမိုင်း၊ ရေအားလျှပ်စစ်ဦးစီးဌာနက ကွင်းဆင်းလေ့လာ တိုင်းတာတွေ့ရှိချက်၊ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မေးမြန်းမှာကြား

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိမ့်ရေတားတမံ၊ ရေလွှဲပြွန်၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲ၊ အကူရေပိုလွှဲ၊ ကျောက်ဖြည့်တမံ၊ ရေအားလျှပ်စစ် စက်ရုံ၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စိမ့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေကြသော ပြည်ပမှ အတိုင်ပင်ခံ ပညာရှင်များအား လက်ဆောင်များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခင်းကျင်းပြသထားသော တမံဖြတ်ပိုင်းပုံ ပုံစံငယ်နှင့် ဇုန်အမျိုးအစားတမံတွင် ထည့်သွင်းအသုံးပြုမည့် မြေသားပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှုရပ်မှ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ရှိ ရှင်းလင်းဆောင်၌ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေကြသော ပြည်ပမှ အတိုင်ပင်ခံ ပညာရှင်များအား လက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ရေတား ကွန်ကရစ်နံရံ အပါအဝင် ဇုန်အမျိုးအစား ကျောက်ဖြည့်တမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်းလုပ်ငန်း အချက်အလက်များကို မေးမြန်းပြီး ရေစိမ့်ထွက်မှုမရှိစေရေး၊ စနစ်သစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်သော်လည်း လုပ်ငန်းအတွေ့အကြုံ ရရှိပြီးဖြစ်၍ တိကျမှန်ကန်ရေးနှင့် စီမံကိန်းပါကဏ္ဍအလိုက် လုပ်ငန်းများကို အချိန်တိုတိုနှင့် တစ်ပြိုင်တည်းပြီးစီးရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

သွားရောက်ပြီး ရေလွှဲပြွန် တည်ဆောက်ရေးလုပ်ငန်း၊ ပင်မတမံတည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

စိမ့်ရေတား ကွန်ကရစ်နံရံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တမံအုတ်မြစ် စိမ့်ရေတား ကွန်ကရစ်နံရံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ Soil Cement ကွန်ကရစ် အရည်အသွေး စစ်ဆေးခြင်းနှင့် မြေဖရောင်း ပါဝင် စမ်းသပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘိုးရင်းလုပ်ငန်း၊ Clan Shell လုပ်ငန်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း အပါအဝင် တမံအုတ်မြစ် စိမ့်ရေတား ကွန်ကရစ်နံရံ တည်ဆောက်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ High Tech Concrete Co., Ltd မှ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းကြသည်။

၇၅မဂ္ဂါဝပ်

ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းမှာ စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ၏ စီမံကိန်းတစ်ခု အပါအဝင်ဖြစ်ပြီး ရွှေကျင်ချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်လျက် ရေအားလျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဟု သိရှိရသည်။

ရွှေကျင်မြို့သို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် နံနက် ၁၁နာရီတွင် ပဲခူးတိုင်း ရွှေကျင်မြို့သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဝင်းမြင့်၊ ပဲခူးခရိုင်နှင့် ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေကျင်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာကြည်စိုးနှင့် အထူးကုဆရာဝန်များ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရွှေကျင် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီး ပေါ်ပေါက်လာပုံ၊ တည်နေရာနှင့် အကျယ်အဝန်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ဆေးရုံသစ်ကြီး၌ ဆေးကုသခြင်းလုပ်ငန်းစတင်ရန် ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရောင်ခြည်ဦးဆောက်လုပ်ရေးမှ ဦးတင်ရွှေက ပြင်ပလူနာဌာန၊ ရုံးအဆောက်အအုံ၊ လူနာဆောင် နှစ်ဆောင် တည်ဆောက်ပြီးစီးနေမှု၊ ပြင်ပရေလုပ်ငန်း၊ လျှပ်စစ်မီးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေကျင်မြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ တည်ဆောက်ပြီးစီးသွားသည့် သွားကုဆေးခန်း၊ ဓာတ်မှန်ခန်းနှင့်လူနာဆောင်များ၊ တည်ဆောက်ဆဲ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပဲခူးတိုင်း ရွှေကျင်မြို့ မြဝတီခန်းမ၌ မတ် ၁၄ ရက်က ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၁၀ မှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေကျင်မြို့ ဆံတော်ရှင် မဟာဗုဒ္ဓဘုရားကြီးစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်မြို့ မဟာပညာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာဝရအမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် မဟာဗုဒ္ဓဘုရားကြီးစေတီတော်၌ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး စေတီတော်ကို ဖူးမြော်ကြည်ညိုသည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေကျင်မြို့ မြဝတီခန်းမ၌ ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဒေသဆီ ဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းတစ်ကျောင်းတို့ကို လည်းကောင်း၊ တိုက်နယ်ဆေးရုံတစ်ရုံကို လည်းကောင်း အဆင့်တိုးမြှင့်ပေး၍ မြို့ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိဦးဆောင်သည့်အဖွဲ့ ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

ယနေ့နံနက်ပိုင်းက ရွှေကျင်မြို့အနီး တည်ဆောက်လျက်ရှိနေသည့် ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်းနှင့် ရွှေကျင် ခုတင် ၁၀၀ ဆံ့ဆေးရုံ တည်ဆောက်ရေးစီမံကိန်းများသို့ သွားရောက်ခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြောင်း။

ယခုလည်း ရွှေကျင်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့ပြအဆင့်မြှင့်တင်ရေး လုပ်ငန်းများ အပါအဝင်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ရွှေကျင်မြို့သည် မြန်မာ့ရိုးရာ အစဉ်အလာဖြစ်သည့် ရွှေကျင်မီးမျှောပွဲတော်ကို အစဉ်အလာမပျက် ထိန်းသိမ်းထားနိုင်သကဲ့သို့ ရိုးရာယဉ်ကျေးမှု ရွှေကျင်တက်ပုံယိမ်းအကကိုလည်း အစဉ်တစိုက် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်မှုတွင် စံနမူနာပြုဂုဏ်ယူရမည် ဖြစ်ကြောင်း။

ရွှေကျင်မြို့နယ်သည် ယခင်က နယ်မြေ အေးချမ်းလုံခြုံမှု မကောင်းခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် နောက်ကျကျန်နေသည့် သဘောရှိကြောင်း၊ ယနေ့အချိန်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးလာနိုင်ခဲ့ကြောင်း။

ရွှေကျင်–မဒေါက်တံတား

ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ရွှေကျင်–မဒေါက်မော်တော်ကားလမ်းနှင့် ယင်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးရွှေကျင်–မဒေါက်တံတားကြီးကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ခုတင် ၁၀၀ဆံ့ဆေးရုံ တည်ဆောက်လျက်ရှိရာ မကြာမတင်တွင် ဖွင့်လှစ်ပြီး ဒေသနေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ပြင် ရွှေကျင်အနီး ရေအားလျှပ်စစ်စီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းပြီးစီးပါက ရွှေကျင်မြို့ လျှပ်စစ်မီး အပြည့်အဝပေးနိုင်မည့်အပြင် မဟာဓာတ်အားကွန်ရက်စနစ်မှ တစ်ဆင့် တစ်နိုင်ငံလုံး ဖြည့်တင်းဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း။

ယနေ့ မြို့နယ်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၏ တင်ပြချက်များအရ ရွှေကျင်မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူငယ်လူရွယ်များ၏ ပညာရေးအဆင့် တိုးမြှင့်ရေး၊ အနာဂတ်အတွက် လူသားစွမ်းရည်အရင်းအမြစ်များ တိုးတက်ပွားများလာရေးနှင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မြို့သောက်သုံးရေရရှိရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးများနှင့် ပတ်သက်ပြီး

ရေး အထူးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများချမှတ်၍ တောင်ပေါ်မြေပြန့် အနီးအဝေးမကျန် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ယနေ့ကဲ့သို့ အချိန်အခါမျိုးတွင် အခြေခံကျသည့် မြို့နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများအနေဖြင့် တာဝန်ကျေရုံ သက်သက် အလုပ်လုပ်နေ၍ မဖြစ်တော့ကြောင်း၊ ယခုအချိန်အခါတွင်

နိုင်ငံတော်က ဗဟိုနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲရေး ယန္တရားအဆင့်ဆင့်ကို စနစ်တကျ ဖွဲ့စည်းပေးထားပြီးဖြစ်၍ စီမံခန့်ခွဲရေးယန္တရားများ စနစ်တကျ မှန်မှန်ကန်ကန် သွက်သွက်လက်လက် လည်ပတ်နေစေရအောင် အဆင့်တိုင်းအဆင့်တိုင်းက တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေရန်လိုကြောင်း၊ အထူးသဖြင့် အခြေခံအကျဆုံး အဆင့်ဖြစ်သည့် မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကဏ္ဍများတွင်လည်း ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်၍ စုပေါင်းဦးဆောင်မှု၊ စုပေါင်း အကောင်အထည်ဖော်မှုဖြင့် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ လူမှုစီးပွားရေးဘဝများ တိုးတက်မြင့်မားစေရေး ရည်မှန်းချက်ဖြင့် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် ထပ်မံမှာကြားလိုကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မတ် ၁၄ရက်က ပဲခူးတိုင်း ရွှေကျင်မြို့ မြဝတီခန်းမ၌ ရွှေကျင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယို ပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးသို့ ပေးအပ်စဉ်။ (သတင်းစဉ်)

ကဏ္ဍအလိုက် အမှန်လိုအပ်မှုများကို ပညာရှင်များနှင့် ခနအင်အားပေါ် မူတည်တွက်ချက်ပြီး ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်

နိုင်ငံတော်က နယ်စပ်ဒေသများ တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖွံ့ဖြိုး

ဒေသတည်ငြိမ်အေးချမ်းမှု ထိုက်သင့်သော အတိုင်းအတာရှိလာပြီဖြစ်၍ မိမိဒေသ ဖွံ့ဖြိုးမှုနောက်ကျနေမှုကို အလှမ်းကျဲကျဲဖြင့် တီထွင်ကြံဆမှုအား၊ ဝီရိယအား၊ စေတနာအားတို့ဖြင့် ပေါင်းစပ်ပြီး အရှိန်အဟုန်မြှင့် ကြိုးပမ်းအားထုတ် အလုပ်လုပ်သွားကြရေး မှာကြားလိုကြောင်း။

ကျေးလက်အရောက်

မြို့နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် မိမိမြို့နယ်အတွင်း အခြေခံကျေးလက်ဒေသများ အရောက်သွားပြီး ပြည်သူများလိုအပ်ချက်၊ လိုလားချက်များကို နည်းလမ်းရှာကြံပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်ငါးရပ် မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာပြီး ဒေသနေပြည်သူများ လက်တွေ့ အကျိုး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❁

ပဲခူးတိုင်း ရွှေကျင်မြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၄ရက်က ပဲခူးတိုင်း ရွှေကျင်မြို့ ဆံတော်ရှင် မဟာဗုဒ္ဓဘုရားကြီး စေတီတော်တွင် ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

※ စာမျက်နှာ ၁၁ မှ

ခံစားနိုင်အောင် ဖိဖိစီးစီး ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် ယနေ့ မိမိတို့ မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ဖြစ်ထွန်းစေရအောင် ပြည်သူများအား မှန်ကန်သော ဦးဆောင်မှုဖြင့် တက်ညီလက်ညီ စည်းရုံးဦးဆောင်ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့သို့ဆက်လက်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

မြန်မာ–တရုတ်ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာအသင်းထွက်ခွာ

ရန်ကုန် မတ် ၁၅

၂၀၀၄ခုနှစ် မတ်၁၇ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံGuang Zhou မြို့၌ မြန်မာ–တရုတ် ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁)အားကစားဝန်ကြီးဌာန အထူးအရာရှိ ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် ဒုတိယဥက္ကဋ္ဌ(၃) ဦးဝေယံအောင်တို့ ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မိတ်သဂ်ဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြဆရာ၊ ဆေးမှူးနှင့် အားကစားသမား ၁၈ဦး စုစုပေါင်း အားကစားအဖွဲ့ဝင် ၂၅ ဦးတို့ ပါဝင်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲသို့ အလှူငွေပေးအပ်

ရန်ကုန် မတ် ၁၅

ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် ကျန်းမာရေး ဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူ မတ် ၁၃ရက် ညနေပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်မည့် အောင်ဆန်းစစ်ကြောင်းသို့ ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် အောင်ဆန်းစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မောင်မောင်သန်းတို့က ကြိုဆိုကြသည်။

ဆက်လက်၍ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကိုအောင်ဆန်းစစ်ကြောင်း စစ်ကြောင်းရုံး၌ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အလှူငွေကျပ် ၁၅သိန်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အလှူငွေကျပ် ၁၅ သိန်းတို့ကို (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲသို့ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက လက်ခံယူသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဗုဒ္ဓပူဇနိယပွဲကျင်းပ

ရန်ကုန် မတ် ၁၅

ကျောက်တန်းမြို့နယ် ဥယျာဉ်ကျေးရွာ ရွှေဂူဘုရားကြီးကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေဂူဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော်မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲတော်ကြီးနှင့် ဒုလ္လဘရဟန်းခံပွဲ အလှူတော်မင်္ဂလာကို ဘဒ္ဒန္တအာသဘ(လယ်တီဆရာတော်)နှင့်ဘဒ္ဒန္တဓမ္မာလောက အရှင်မြတ်များ ဦးဆောင်ကာ တပည့်ဒါယကာ၊ဒါယိကာမများ၊ ရွာသူရွာသားများ စုပေါင်း၍ မတ် ၆ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ (က–ပ)

စစ်ရေးပြ စစ်ကြောင်းကြီးများ တည်းခိုရာစခန်းများ၌ အဆို၊ အက၊ ဟာသ ရုပ်ရှင်များဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မတ် ၁၅

(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာ စခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ ည ၇ နာရီတွင် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေရာတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ဖျော်ဖြေရေးအဖွဲ့က အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲဖျော်ဖြေရေး အဖွဲ့ငယ်က အဆို၊ အက၊ ဟာသများဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ "ငရဲသား" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ် ကျော်ဝင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးသွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (အား/ကာ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၃–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ လမူးတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး **နှစ်(၅၀)ပြည့်ရွှေရတု တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်**
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ခုနှစ်)
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (အထူးပြုအားလုံး)(အင်္ဂလိပ်စာ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၂၅ ၇။ တေးဂီတအစီအစဉ်
- ၅:၃၅ ၈။ တေးသရုပ်ဖော်အစီအစဉ်
- ၅:၄၀ ၉။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၁၅ ၁၄။ ပုသိမ်လေဆိပ်ဝင့်ဝင့်ကြွားဧရာဝတီတိုင်း၏အလှတစ်ပါး
- ၇:၂၀ ၁၅။ (၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၇:၄၅ ၁၆။ **နှစ်(၅၀)ပြည့်ရွှေရတု တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်** "ပြည်သူ့အတွက်တပ်မတော်" "ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာ တို့ဝန်တာ" (လယ်/ဆည်နှင့် စက်မှု) –ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် –စစ်သားဂုဏ်ရည် (ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင်ခင်မောင်ညွန့်)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း–၁၁)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

မဟာသတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၅

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂိပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ၌ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၃ရက်မှ ၉ရက်ထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ အင်းစိန်ညောင်ကန်အေးသာသနာ့ရိပ်သာ သာသနဓဇ ဓမ္မာစရိယ၊ မဟာစည် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ထီလာအရှင်သုန္ဒရတို့နှင့် မြောက်ဥက္ကလာပမြို့နယ် ဓမ္မသီဂိပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ဓမ္မသီဂိပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိသုဒ္ဓရံသီတို့က မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်တို့ကို ဟောကြားပြသတော်မူကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ပုသိမ်-ငွေဆောင်ကားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

★ **ကျောဖုံးမှ**

ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံမှာကြား

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်လိုက်ပါ၍ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ကျောင်းကုန်းတံတားညှော့ရိပ်သာ၌ ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး အောက်ခြေအဆင့်အထိ ကွင်းဆင်း၍ အောင်မြင်အောင်အကောင်အထည်ဖော်သွားကြရေးကို မှာကြားသည်။

ငွေဆောင်ကမ်းခြေ

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ်ရှိ ငွေဆောင်ကမ်းခြေသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ပုသိမ်မြို့နယ် ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဇော်အောင်နှင့် တာဝန်ရှိသူများ၊ အစိုးရ မဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေဆောင်ကမ်းခြေဟိုတယ်ဆောက်လုပ်ရေးစီမံကိန်းကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ငွေဆောင်ကမ်းခြေဒေသဆိုင်ရာ အချက်အလက်များနှင့် အပန်းဖြေစခန်းများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား အောင်ချမ်းသာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးနော်အောင်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေဆောင်ကမ်းခြေဟိုတယ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ စီမံကိန်းပထမအဆင့်အနေဖြင့် တစ်ခန်းလျှင် ၁၄ပေပတ်လည်ရှိ အိပ်ခန်းငါးခန်းတွဲ အဆောင်ခြောက်ဆောင်နှင့် ထမင်းစားဆောင်၊ ဟိုတယ်ထိန်းသိမ်းကြီးကြပ်ရေးဆောင်၊ မီးဖိုဆောင်တို့ ပါဝင်သည့် အလျား ၉၈ပေ၊ အနံပေ ၄၀ရှိ အာရ်စီ နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ ၂၄နာရီသန့်ရှင်းသည့် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အဆောက်အအုံများအား သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိပ်ဆောင်ငါးခန်းတွဲခြောက်လုံး ဆောက်လုပ်ပြီးစီးမှု၊ ထမင်းစားဆောင်၊ ဟိုတယ်ထိန်းသိမ်းကြီးကြပ်ရေးဆောင်နှင့် မီးဖိုဆောင်ပါဝင်သော အာရ်စီနှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ အောင်ချမ်းသာဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးနော်အောင်နှင့် ချိုဇော်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်ပြုံးရီတို့က လိုက်လံရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အိပ်ဆောင်ငါးခန်းတွဲ ခြောက်လုံး အဆောက်အအုံကို လာမည့် မဟာသင်္ကြန်ကာလမတိုင်မီ ဖွင့်လှစ်နိုင်ရေး၊ အရိပ်ရသစ်ပင်နှင့် ပန်းပင်များ စိုက်ပျိုးထားရှိရေးနှင့် သန့်ရှင်းသပ်ရပ်လှပရေးတို့အတွက် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ငွေဆောင်မြို့မှ ပုသိမ်မြို့သို့ ပြန်လည်ထွက်ခွာလာပြီး အေရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပုသိမ်-ငွေဆောင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လာမည့် မိုးမကျမီကာလအတွင်း ကွန်ကရစ်လမ်းခင်းရန် ရည်မှန်းထားသည့် လမ်းအရှည် ၁၀မိုင် သုံးဖာလုံကို ပြီးစီးအောင်ဆောင်ရွက်ရေး၊ လမ်းဘေး ဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် အရိပ်ရ လေကာပင်များ စိုက်ပျိုးရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

လမ်းအဆင့်မြှင့်တင်

ပုသိမ်-ငွေဆောင် လမ်းဖောက်လုပ်ရေး စီမံကိန်းသည် စုစုပေါင်း အကွာအဝေး မိုင် ၃၀ သုံးဖာလုံရှိပြီး ကျောက်ချောလမ်း ၂၁မိုင်နှင့် ကတ္တရာလမ်း ကိုးမိုင် သုံးဖာလုံရှိရာ ကျောက်ချောလမ်း ၂၁မိုင်အနက် မိုင်တိုင်အမှတ်(၂/၅)မှ (၁၃/၀)အထိ လမ်းအရှည် ၁၀မိုင် သုံးဖာလုံကို ကျောက်ချောလမ်းအဆင့်မှ ၁၄ပေအကျယ်ရှိ ကွန်ကရစ်လမ်းအဖြစ် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပုသိမ်-ငွေဆောင် လမ်းပေါ်ရှိ သစ်သားတံတား ၂၈စင်းကို သံကူကွန်ကရစ် တံတားများအဖြစ် အစားထိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် မတ် ၁၄ရက် နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့၌ ကျင်းပသည့် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီးနောက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

ဖားကန့်မြို့နယ်၌ ဘိန်းခင်း ၆၈ဧက ရှာဖွေဖျက်ဆီး

ရန်ကုန် မတ် ၁၅

၂၀၀၃/၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံ တပ်မတော်သားများ၊ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ရက်မှ ၂၈ ရက်အထိ ကချင်ပြည်နယ် ဖားကန့်မြို့နယ် စံဖဲချောင်းနှင့် ဒူးခိုချောင်းဆုံရာ နေရာတစ်ဝိုက်၌ တရားမဝင် စိုက်ပျိုးထားသည့် ဘိန်းခင်း ၁၄ခင်း စုစုပေါင်း ဘိန်းခင်း ၆၈ဧကကို ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့ကြောင်းနှင့် ယခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းစိုက်ပျိုးထားသည့် ဒေသများအတွင်း တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း စုစုပေါင်း ၇၀၇၁ ဒသမ ၆၀ဧကဖျက်ဆီးခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၅ရက်မှ ၂၈ရက် အတွင်း ဖားကန့်မြို့နယ်၌ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းများအား ပူးပေါင်းအဖွဲ့မှ ရှာဖွေဖျက်ဆီးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဆေးသင်ပညာရေးပို့ချမှု အစီအစဉ်** Myanmar Economic Reforms (1989-1996) (ပြည်သူ့ရေးရာ)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကြယ်နှင့်အတူပျံသန်းနေသော (အပိုင်း-၂) ဇာတ်သိမ်း သရုပ်ဆောင်-ကိုကိုလင်းမောင်၊ ခင်ဇာခြည်ကျော်၊ ယမုံဇင်၊ (ဒါရိုက်တာ-တင်သန်းဦး)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၂၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

AKG Computer Centre

မော်လမြိုင်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၅

မော်လမြိုင်အသင်း(ရန်ကုန်)၏ ၂၀၀၃-၂၀၀၄ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲကို ဧပြီ၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် မော်လမြိုင်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ကန်တော့ခံမည့် အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများ၊ စာပေအနုပညာပြိုင်ပွဲဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသူကျောင်းသားများ၏ စာရင်းကို အသင်းအတွင်းရေးမှူး ဦးမောင်မောင်ဝင်း ဖုန်း-၂၈၅၇၅၀၊၂၉၇၄၄၉၊ အမှုဆောင် ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁၊ ဦးကျော်ဝင်း(ဓမ္မာရုံ) ဖုန်း-၂၅၆၁၅၇တို့သို့ မတ် ၂၇ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်နှိုးဆော်ထားသည်။ (က-ပ)

ဟာသဂျာနယ်အတွဲ(၂) အမှတ်(၃၃)ဖြန့်ချိ

ရန်ကုန် မတ် ၁၅

ကာတွန်းတွတ်တွတ်၏မျက်နှာဖုံးကာတွန်းနှင့် ငွေကြည်၏ ကာတွန်းဇာတ်လမ်းတို့ အပါအဝင် ဆရာသာဂဒိုး၊ဆရာပြည့်စုံ(သွေးသောက်)တို့၏ ဟာသရသ အတွေးအရေး၊ ရုပ်ရှင်၊ သဘင်ရသများဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၃၃)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားသည်။ (က-ပ)

အများသိစေရန်

ရွှေအင်အားကုမ္ပဏီလီမိတက်(Shwe In Arr Co.,Ltd) လိုင်စင်အမှတ် (၀၁၉/၂၀၀)သည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပအလုပ်အကိုင်ရရှိရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ရွှေအင်အားကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ဦးတင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ)၊ ဒေါ်မော်မော် (ဒါရိုက်တာ)၊ ဦးသိန်းအောင်(ခ) Nassin Poonawala (ဒါရိုက်တာ)တို့ကသာ ဆောင်ရွက်လျက်ရှိပြီး အခြားအဖွဲ့အစည်း၊ ကုမ္ပဏီ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုယ်စားဆောင်ရွက်စေခြင်း၊ တာဝန်လွှဲအပ်ထားခြင်း ကိုယ်စားလှယ်အဖြစ် စေလွှတ်ထားခြင်း လုံးဝ (လုံးဝ) မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၊
ရွှေအင်အားကုမ္ပဏီလီမိတက်။

Golden Hope
ကားရောင်းမည်
88 Model - Lite Ace
Aircon- Power

Home Distribution Group
Ready Made Floor
Decorative Wall Covering
(Office & Show Room)

(၁၅-၃-၂၀၀၄ရက် ကြေးမုံသတင်းစာပါ ပြည်ပအလုပ်အကိုင် ကြော်ငြာကို အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်။)

ပြည်ပအလုပ်အကိုင်လျှောက်ထားလိုသူများအတွက် ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ရွှေအင်အားကုမ္ပဏီလီမိတက်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံ K.F.S.M.B လက်အောက်ရှိ စက်ရုံ၊အလုပ်ရုံများတွင် သင်တန်းသားလုပ်သားများအဖြစ် လုပ်ကိုင်ရန် အသက်(၂၀)ပြည့်ပြီး (၄၀)နှစ်ထက် မကျော်လွန်သော မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

၂။ လိုအပ်သည့် အရေအတွက်၊ လုပ်ခ၊ ခံစားခွင့်နှင့် ဝန်ဆောင် စရိတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က)	**အလုပ်အကိုင်အမျိုးအစားနှင့် လိုအပ်သည့်အရေအတွက်**	သင်တန်းသားအလုပ်သင် အလုပ်သမားများ(၂၁၈၀)ဦး။
(ခ)	**လိုအပ်ချက်**	ကျန်းမာသန်စွမ်းရမည်၊ တာဝန်ကျသည့် မည်သည့်စက်ရုံတွင်မဆို လုပ်ကိုင်နိုင်ရမည်။
(ဂ)	**အခြေခံလစာ**	တစ်လလျှင် ကိုရီးယားသမ္မတနိုင်ငံသုံး ဝမ်၅၆၇၂၆၀ (အမေရိကန်ဒေါ်လာ ၅၀၀) ခန့်။
(ဃ)	**အချိန်ပို**	တစ်ပတ်လျှင်(၁၂)နာရီ(၁ဒသမ၅)ဆနှုန်း။
(င)	**အလုပ်ချိန်**	တစ်နေ့ (၈)နာရီ။
(စ)	**အစားအသောက်နှင့် နေရာထိုင်ခင်း**	အလုပ်ရှင်မှစီစဉ်ပေးမည်။
(ဆ)	**စာချုပ်သက်တမ်း**	သင်တန်းသားလုပ်သားအဖြစ်(၁)နှစ်၊ အလုပ်သမားအဖြစ်(၂)နှစ်၊ စုစုပေါင်း(၃)နှစ်။
(ဇ)	**ဝန်ဆောင်စရိတ်**	မြန်မာကျပ်ငွေ(၇)သိန်းတိတိ။
(ဈ)	**ရွေးချယ်စေလွှတ်မှုစနစ်**	အရည်အချင်းပြည့်မီသော လျှောက်လွှာများကို ကိုရီးယားသမ္မတနိုင်ငံရှိ(K.F.S.M.B)မှကွန်ပျူတာစနစ်ဖြင့် ရွေးချယ်ပြီး အရွေးချယ်ခံရသူများကိုသာ စေလွှတ်မည်။ ရွေးချယ်ခံရသူများသည် မြန်မာနိုင်ငံမှ မထွက်ခွာမီလုပ်ငန်းခွင်သုံး အခြေခံကိုရီးယားဘာသာစကား နားလည်အောင် သင်ကြားရမည်။

၃။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အလုပ်သမားရုံးများနှင့် ကျန်ပြည်နယ်၊ တိုင်းများရှိ ပြည်နယ်၊ တိုင်း အလုပ်သမားရုံးများတွင်၂၀၀၄ခုနှစ် ဧပြီ ၇ရက်နေ့ ၁၆:၃၀ နာရီမတိုင်မီ တင်သွင်းရမည်။

၄။ အသေးစိတ် အချက်အလက်များကို အထက်ဖော်ပြပါ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အလုပ်သမားရုံးများတွင် စုံစမ်းသိရှိနိုင်ပါသည်။

SUZUKI
၂၀၀၄ မတ်လ ၃၁ ရက်ထိသာ
တာရားဝင် အရောင်းကိုယ်စားလှယ်လုပ်လိုသူများ
စက်ရုံသို့တိုက်ရိုက်ဆက်သွယ်ရန်ဖိတ်ခေါ်အပ်ပါသည်။
SAVER 4 ENGINE
Viva 110
SPA မော်တော်ဆိုင်ကယ်လီမိတက်
TTT မော်တော်
FMI

လူငယ်များ ပြုစုပျိုးထောင်ရေးဌာနဆောက်လုပ်ရေး အကြိုညှိနှိုင်း ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကား ပြောကြား

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ အစီအစဉ်ဖြင့် မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာအုပ်စု တီးမကျေးရွာ၌ တည်ဆောက်သွားမည့် လူငယ်များ ပြုစုပျိုးထောင်ရေးဌာန ဆောက်လုပ်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက် ညနေ ၃ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်က တီးမကျေးရွာ ပြန်လည်ပြုစုပျိုးထောင်ရေးဌာန တည်ဆောက်ရန် အကွက်ချပုံစံများနှင့် ဝန်ထမ်းအင်အား အဆိုပြုလျာထားချက်များကို ဓာတ်ပုံဆလိုက်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကာ အစည်းအဝေးတက်ရောက်လာကြသူများက မိမိဌာနအလိုက် ဆောင်ရွက်ချက်များ၊ ဆောင်ရွက်ရန်ရှိသည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် လူငယ်များ ပြုစုပျိုးထောင်ရေးဌာန ဆောက်လုပ်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်မည့် ၂၀၀၄ခုနှစ် ဇွန်လ ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများအား ဖိတ်ခေါ်ပါသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က သတ်မှတ်ထားသည့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ–
- (က) "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"
- (ခ) "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်"
- (ဂ) "ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ" (Treatment Works)တို့ ဖြစ်ပါသည်။

(၂) **ဝတ္ထုတို**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်ပါသည်။

(၃) **ဆောင်းပါး**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ တစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀အတွင်း ဖြစ်ပါသည်။

(၄) **တေးသီချင်း**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ တစ်ဦးချင်း(သို့မဟုတ်) အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ကိုယ်ပိုင်သံစဉ် တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရေးစာသားပါ အကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ ထိရောက်ရပါမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းအား ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ်အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master ခွေနှင့်အတူ စာသားလက်နှိပ်စက် မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

(၅) **ကဗျာ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်း ရှိရမည်။

(၆) **ကာတွန်း၊ ပန်းချီ၊ ပိုစတာ**ပြိုင်ပွဲနှင့်ပတ်သက်၍ အသက် ၁၀နှစ်အောက်၊ ၁၀နှစ်မှ ၁၅နှစ်အောက်၊ ၁၅နှစ်မှ ၂၀နှစ်အောက်၊ အသက် ၂၀နှစ်အထက်ဟူ၍ လေးဆင့် ယှဉ်ပြိုင်ခွင့်ပြုပါသည်။ အသက်အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို၊ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာ ရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၀X ၁၄လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင်ဆုကြီးတစ်ဆုနှင့်အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။ (မှတ်ချက်–ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက်ပေးပို့ရမည်။)

(၈) **ကွန်ပျူတာပန်းချီ**ပြိုင်ပွဲကို ပြည်နယ်၊ တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပပြုလုပ်ရမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် (၈၊၉၊၁၀)တန်း ကျောင်းသူ၊ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊၆၊၇)တန်း ကျောင်းသူ၊ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။
- (က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာ အမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw, Photoshop, Clarif office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)
- (ခ) ရေးဆွဲချိန် နှစ်နာရီသတ်မှတ်ရန်၊
- (ဂ) Floppy Disc နှစ်စုံကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။ (ရေးဆွဲသည့်ပုံကို ဓာတ်ပြားတစ်ချပ်တည်း၌ ထည့်သွင်းနိုင်ရန်အတွက် သိမ်းဆည်းရာတွင် Win ZIPဖြင့် EXE. ပုံစံနှင့် အကျဉ်းချုံ့၍ ပို့သင့်ပါသည်)
- (ဃ) ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီပြိုင်ပွဲအား ကွန်ပျူတာတက္ကသိုလ်တွင် မေ ၂၂ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပသွားမည်။

(၉) **ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာ**ပြိုင်ပွဲအား ပြည်နယ်၊ တိုင်းများတွင် အသက်(၁၅)နှစ်အထက် အလွတ်တန်းတစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရပါမည်။

(၁၀) **ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ**ပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) **ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ**ပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်း ဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) **ကာတွန်း၊ ပန်းချီ၊ ပိုစတာ**ပြိုင်ပွဲအတွက် ပြည်နယ်၊ တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်၊ တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်၊ တိုင်းများအနေဖြင့် သင့်လျော်သည့်နေ့ရက် သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) **ကာတွန်း၊ ပန်းချီ၊ ပိုစတာ**ပြိုင်ပွဲအတွက် ရန်ကုန်တိုင်းမှ ဝင်ရောက် ယှဉ်ပြိုင်မည့်သူများသည် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ပြတိုက်တွင် မေ ၂၅ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကာတွန်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ပန်းချီနှင့် မေ ၂၆ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ပိုစတာ လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ကြရမည် ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံလက်ရာများကို ဒုတိယရဲမှူးကြီးဝတင် မူးယစ်ဗဟိုရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန[ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်]၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များ အရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ လက်ရာများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၅) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက်သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
- (က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ မေ ၂၀ရက်အရောက်၊
- (ခ) တေးသီချင်းများ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ မေ ၂၅ရက်အရောက်။

(၁၆) စာမူ၊ တေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၀၄ခုနှစ် ဇွန် ၁၈ရက်တွင် ကြေညာ၍ ဆုရသူများကို ၂၀၀၄ခုနှစ် ဇွန် ၂၄ရက်တွင် ရန်ကုန်မြို့သို့ ဖိတ်ခေါ်ပြီး ၂၀၀၄ခုနှစ် ဇွန် ၂၆ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည် ဖြစ်ပါသည်။

(၁၇) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

သတင်းထုတ်ပြန်ရေးကော်မတီ

တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသပေး

ဒိုက်ဦး မတ် ၅

ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပဲခူးတိုင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် ပဲခူးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးအောင်အောင်တို့ဦးဆောင်လျက် ပဲခူးခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ခင်စောဝင်း၊ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်ခင်နှင့် ပဲနွယ်ကုန်း၊ ညောင်လေးပင်၊ သနပ်ပင်၊ ပဲခူးမြို့နယ် တိုင်းရင်းဆေးကုသရေးဌာနအသီးသီးမှ ဒုတိယတိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူးများ အပါအဝင် တိုင်းရင်းဆေးပညာရှင်ဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းဆေးဆရာကြီးများ ပူးပေါင်း၍ မတ် ၂ ရက်က ဒိုက်ဦးမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ နံနက်၇ နာရီမှ ညနေ ၅ နာရီအထိ တိုင်းရင်းဆေးဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်အဖြစ် မြို့နယ်တွင်းရှိ ဒေသခံပြည်သူ ၂၅၀ ကျော်တို့အား အရိုး၊ အကြောရောဂါ၊ မီးယပ်၊ သွေးယင်နာ၊ အနာပေါက်နှင့် အထွေထွေရောဂါများ ကွင်းဆင်းကုသပေးခဲ့ကြသည်။ **(က–ပ)**

ကျေးရွာချင်းဆက် မြေသားလမ်းခင်း

မြန်အောင် မတ် ၇

၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ငွေလုံး၊ ငွေရင်းလုပ်ငန်းမှ ကျခံဆောင်ရွက်ခဲ့သည့် ဟင်္သာတ–မြန်အောင်(ပဆင) လမ်းနှင့် သက္ကယ်ကုန်း ကျေးရွာဆက် မြေသားလမ်း ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေးအတွက် လမ်းအမာခံရရှိရေး ရေဖျန်း၍ စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုတို့က ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

မော်လမြိုင် မတ် ၁၁

မော်လမြိုင်မြို့ ဈေးချို ဆန်တန်းရပ်ကွက် မြရတနာလမ်းမကြီး အောင်သပြေ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယက မြို့နယ်သံဃနာယကအဖွဲ့ (မဟာဒွါရ) ဥက္ကဋ္ဌ ဘဒ္ဒန္တသုဘောဂ ဆရာတော်အား ၂၀၀၄ ခုနှစ် ဇန်နဝါရီ၄ ရက်တွင် နိုင်ငံတော်အစိုးရမှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရ၍ ဆရာတော်အား မော်လမြိုင်မြို့ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၁ ရက် တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ရာ တပည့် ဒါယကာ၊ ဒါယိကာမများ အထက်ပါကျောင်းတိုက်သို့ လာရောက် လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပန်းဥယျာဉ်နှင့် မြေခင်းအလှဆင်ခြင်း ဆောင်ရွက်

မြစ်သား မတ် ၈

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ချင်းသည် မြို့သန့်ရှင်းသာယာလှပရေးအား အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများအား ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ ရက်ထိ ရက်တိုသင်တန်းဖွင့်လှစ်ပြီး ပန်းအလှပင် တစ်သိန်းပျိုးနှုတ်ခြင်း၊ ပျိုးထောင်ခြင်း၊ မြေခင်းအလှဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

ဘင်ခရာတပ်ဖွဲ့ ဂုဏ်ပြုပွဲ ကျင်းပ

သံဖြူဇရပ် မတ် ၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အထက(၁)၏ ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က သံဖြူဇရပ်မြို့ အထက(၁) ပညာဗိမာန်ခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး၊ အထက(၁) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ နည်းပြများ၊ ဘင်ခရာတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမြသောင်း၊ အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦး၊ ဘင်ခရာနည်းပြဆရာ ဦးထွန်းကြည်တို့က အမှာစကားပြောကြားကြပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

(မြို့နယ်ပြန်/ဆက်)

မြို့မဈေး မီးဘေးကာကွယ်ရေး လေ့ကျင့်

မော်ဘီ မတ် ၁၀

မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်ဘီမြို့မဈေးကြီးတွင် မတ် ၉ ရက်က မြို့နယ်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမိုးကျော်တို့ ကြီးကြပ်ပြီး မြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့နှင့် ဈေးသူ၊ ဈေးသားများ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကာကွယ်ရေး စီမံချက်များ လေ့ကျင့်မှုကို ပြုလုပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (မြို့နယ်စည်ပင်)

မိုးကြိုးချေးငွေ ကျပ်သိန်း ၁၀၀ ထုတ်ချေး

ခင်ဦး မတ် ၃

ခင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ရုံးခွဲ၌ ၂၀၀၄ မိုးကြိုချေးငွေထုတ်ပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်မြိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် မန်နေဂျာ ဦးထိန်ဝင်းက ချေးငွေ စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းပြီး ၂၀၀၃ ခုနှစ် မိုးကြိုချေးငွေ အစောဆုံး ပြေကျေသည့် ရှင်မင်းတွေ၊ သရက်ကုန်း၊ တပင်ကောင်းကျေးအုပ်စုများမှ နွေစပါးဧက ၂၅၀၀ စိုက်ပျိုးရန် တောင်သူ ၆၁၄ ဦးကို မိုးကြိုချေးငွေကျပ်သိန်း ၁၀၀ ထုတ်ချေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကို၊ အင်ဂျင်နီယာမှူး ဦးဌေးညွန့်နှင့် ဝန်ထမ်းများ စစ်ကိုင်းမြို့ ဈေးအနောက်ဘက်ရှိ ပိတ်ဆို့နေသော စကြိုရေမြောင်းကြီးကို အဖွဲ့၏ စက်ယန္တရားများ၊ ဝန်ထမ်းများဖြင့် ဖေဖော်ဝါရီ၃၀ ရက်က စတင်တူးဖော်စဉ်။ (က–ပ)

ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆေးရုံသို့ လူနာအသုံးအဆောင်ပစ္စည်းများ လှူဒါန်း

ပြင်ဦးလွင် မတ် ၂

ပြည်ဦးလွင်ခရိုင် ပြည်သူ့ဆေးရုံကြီးများနာကုသဆောင် အသုံးပြုရန် လူနာတင်လက်တွန်းလှည်းနှင့် သွေးချိုတိုင်းကိရိယာ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၃ နာရီက ပြည်သူ့ဆေးရုံကြီး သင်တန်းခန်းမတွင် ကျင်းပရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်သွင်၊ ခရိုင်သမားတော်ကြီး ဒေါက်တာအောင်စန်းဦးနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ဦးဘုန်းမြင့်–ဒေါ်စိုးစိုး(ရပ်ကွက်–၅) ရွှံလမ်း ပြင်ဦးလွင်မြို့မှ လူနာတင်လက်တွန်းလှည်း ကျပ် ၉၈၀၀၀တန်နှင့် သွေးချိုတိုင်းကိရိယာ ကျပ် ၃၀၀၀၀ တန် ပစ္စည်းတို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်သွင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် သမားတော်ကြီး ဒေါက်တာ အောင်စန်းဦးက ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ဆေးရုံဝန်ထမ်းများနှင့် တာဝန်ရှိသူများ၊ ဆရာဝန်များအား ရှင်းလင်းပြောကြားသည်။ **(ခရိုင်ပြန်/ဆက်)**

အမျိုးသမီးရေးရာ လုပ်ငန်းဆွေးနွေး

လှည်းကူး မတ် ၈

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့တို့သည် မတ် ၈ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမျိုးသမီးရေးရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ချိုချိုက အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့ခေါင်းဆောင် ဒေါ်စောသီဟမာလာထိုက်၊ ဒေါ်ဌေးဌေးအုန်း၊ ဒေါက်တာဒေါ်စန္ဒာအောင်၊ ဒေါ်အမ်းကျော်နမ်းနှင့် ဒေါ်မေဦးနိုင်တို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။ **(၈၂)**

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

ဒေးဒရဲ မတ် ၁၁

ဒေးဒရဲမြို့နယ် မြို့မဈေးကြီးအတွင်း မတ်၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်ကျော်စိုး၊ ဈေးအရန် မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာဝန်ထမ်းများ၊ ဈေးမိ၊ ဈေးဖများ ပူးပေါင်းပါဝင်၍ မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအတွက် ဈေးဆိုင်ခန်းများကို ကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၁ ရက်က မြို့မအားကစားကွင်းတွင်ကျင်းပရာ ကျေးရွာအုပ်စုမှ ၈၉ အုပ်စု၏ စိုက်ပျိုးရေး စခန်းခြောက်ခု အသင်း ၁၂သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ နောက်ဆုံးဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့သော ဆူးဂဏန်းစခန်းအား ပထမငွေဖလားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က ပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

သာစည်မြို့နယ် ဟံဇားကျေးရွာလမ်းမကြီးပြုပြင်

သာစည် မတ် ၄

မန္တလေး–မိတ္ထီလာ အဝေးပြေးကားလမ်းဆုံမှ သာစည်မြို့နယ် ဟံဇားကျေးရွာ မီးရထားသံလမ်းအထိ ခြောက်မိုင်ရှည်သော လမ်းမကြီးကို အစဉ်အမြဲသွားလာနိုင်သည့် လမ်းကောင်းတစ်ခုဖြစ်လာနိုင်ရေးအတွက် အဆိုပါ လမ်းပေါ်ရှိ ပျက်စီးနေသော လမ်းအပိုင်းများကို ပြန်လည်ပြုပြင်ခြင်းနှင့် တံတားများကို အသစ်တည်ဆောက်ခြင်းလုပ်ငန်းကို သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃/၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်ငွေ သိန်း၂၀ အကုန်အကျခံ၍ တာဝန်ခံအင်ဂျင်နီယာ ဦးလှထွေးနှင့်အဖွဲ့က လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သည့် လမ်းကြီးဖြစ်ရေးအတွက် ခင်းကျင်းနေမှုကို အမှုဆောင်အရာရှိ ဦးလှသောင်းသည် ဖေဖော်ဝါရီ ၂၇ တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းကောင်းမွန်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

လမ်းမကြီးပြီးစီးသွားပါက ဝန်းကျင်ရှိ ကျေးရွာအသီးသီးတို့မှ ကျေးလက်ပြည်သူများအနေဖြင့် ဒေသထွက်ကုန်ပစ္စည်းများကို မိတ္ထီလာ–သာစည်–ဝမ်းတွင်း–မန္တလေးမြို့များသို့ အချိန်တိုအတွင်း သွားရောက်ရောင်းချနိုင်မည်ဖြစ်သည်။ **(၄၂၅)**

နတ်မောက်မြို့နယ် ဖျောက်ဆိပ်ပင်စာသင်တိုက်သို့ စက်ရေတွင်းနှင့် ဆွမ်းဆန်တင်း ၅၀၀ လှူဒါန်း

နတ်မောက် မတ် ၁၀

မကွေးတိုင်း နတ်မောက် မြို့နယ် လက်ပံတုန်း ကျေးရွာ ဖျောက်ဆိပ်ပင် ပရိယတ္တိစာသင် တိုက်သို့ ရန်ကုန်မြို့နေ ဦးခိုင် ထွေး-ဒေါ်သင်းသင်းခိုင်မိသားစု နှင့် အခြားအလှူရှင်များက စက်ရေတွင်းနှင့် ဆွမ်းဆန် တင်း ၅၀၀ လှူဒါန်းပွဲကို (တပေါင်းလပြည့်) မတ် ၅ ရက်က ယင်းစာသင်တိုက်တွင် ကျင်းပရာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကြည်ထွန်း နှင့် ဇနီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ အတွင်းရေးမှူးနှင့် အလှူရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် ဦးခိုင်ထွေး-ဒေါ်သင်းသင်းခိုင် (Asia Brave Trading Ltd.)မှ စက်ရေတွင်းအတွက် အလှူငွေကျပ် ၄၀၀၀၀၀ နှင့်ဆန်တင်း ၁၀၀၊ ဦးတက်နေ လင်းထွေး-ဒေါ်စန္ဒာလှိုင် (MC Electronic Centre)မှ ဆန်တင်း ၁၀၀၊ ဦးအောင်မိုးကျော်-ဒေါ်မာမာထွန်း(MGS Beverages Co., Ltd)က ဆန်တင်း ၁၀၀၊ ဦးအေးသောင်အား ရည်စူး၍ ဇနီး ဒေါ်စောရှင်က ဆန် ၈၈ တင်း၊ ဦးငြေအောင် - ဒေါ်မေစီသန်းဖေ မိသားစုက ဆန် ၇၅ တင်း၊ ဦးစိုး-ဒေါ်တင်လှက ဆန်၃၇ ဒသမ ၅တင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆန် ၁၅ တင်း၊ ဦးတက်လင် - ဒေါ်ခင်ဆွေလင်းမှ ရေကန်အတွက် အလှူငွေ ကျပ် ၄၃၀၂၅၀၊ ဦးကျော်လွင်-ဒေါ်စန်းစန်းအေး မိသားစုမှ အလှူငွေ ကျပ် ၁၅၀၀၀၀၊ ဦးသောင်းရွှေ-ဒေါ်ဖွားသန့် (လစ်ဘရယ်)မှ အလှူ ငွေကျပ် ၂၀၀၀၀၀၊ ဦးမောင် လေး-ဒေါ်မူဇာရီမှ အလှူငွေကျပ် ၅၀၀၀၀၊ ဒေါ်တင်တင်အေး မိသားစုမှ ယာမြေသုံးဧက၊ ဦးရဲလွင်(ရွှေဂဲဘီစကစ်)မှ မုန့်မျိုး စုံကျပ် ၂၀၀၀၀ ဖိုးတို့ကို ပေးအပ် လှူဒါန်းရာ မကွေးခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံ ရယူပြီး ဂုဏ်ပြုလွှာတို့ကိုပြန်လည် ပေးအပ်သည်။

(က-ပ)

ကျိုက္ခမီရေလယ်ဘုရား ကုန်းတော်ပေါ်ရှိ ဇိနမာန်အောင်စေတီ ထီးတော်သစ်တင်လှူရန်အတွက် စာရေးဆရာ (သမထ) ဦးအောင်မြတ်၏ ဇနီး ဒေါ်သန်းသန်းရီက ငွေကျပ် ခုနစ်သိန်းကို ဂေါပကအဖွဲ့ထံ လှူဒါန်းစဉ်။ (က-ပ)

ကြက်ဆူကျင်း အထက(ခွဲ)သို့ ကျောင်းသုံးပစ္စည်းများလှူဒါန်း

ရေစကြို မတ် ၁၀

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြက်ဆူကျင်းအစိုးရ အထက်တန်းကျောင်း(ခွဲ) ကျန်စစ်သားခန်းမ၌ ဖေဖော်ဝါရီ၁၉ ရက် နံနက်က ကျောင်းသုံးပစ္စည်းများနှင့် စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းသည်။

အခမ်းအနားတွင် ကြက်ဆူကျင်း ဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်း ဦးဆောင်နာယက ဆရာတော်ဘဒ္ဒန္တ ကုဏ္ဍက(ဓမ္မာစရိယ၊ ပါဠိပါရဂူ)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဩဝါဒမိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အမှာစကားပြောကြားသည်။

ယင်းနောက် ဘဒ္ဒန္တ ကုဏ္ဍက က ကျောင်းသုံးလက်နှိပ်စက်တစ်လုံးနှင့် တိုင်ကပ်နာရီများနှင့် ဓာတ်ဘူးများ၊ ပန်းကန်များကိုလည်းကောင်း၊ ရန်ကုန်မြို့နေ (ဦးမြင့်သန်း)-ဒေါ်အေးပိုက်မိသားစုနှင့် တွဲဖက်ပါမောက္ခ ဦးသာအောင်ကျော်-ဒေါ်ခင်သန်းမြင့်မိသားစုက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်နှင့်မဂ္ဂဇင်း ၂၇၀ အုပ် တို့ကို အလှူရှင်များကိုယ်စား မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကြသည်။ **(က-ပ)**

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၂/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက်က လှိုင်သာယာမြို့နယ် အမက(၄၇)၌ကျင်းပရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က သင်တန်းပို့ချနေစဉ်။ (၄၉)

မိုးကုတ်တရားပွဲ

ကော့မှူး မတ် ၁၁

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ရွာ ခါတော်မိစာသင်တိုက်၌ ၁၃၆၅ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက်မှ ၁၂ ရက်နေ့ထိ ခါတော်မိကျောင်း ဆရာတော် ဦးပဝရဉာဏနှင့် လက်ပံတန်းမြို့နယ် ကညင်တိုး စံပြရွာ မြတ်ချမ်းသာ မိုးကုတ် နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာ စရိယ ဓမ္မစရိယ အရှင်ကုမာရ အရှင်မြတ်တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

စာကြည့်တိုက်သို့ စာအုပ်မျိုးစုံ လှူဒါန်း

ဝမ်းတွင်း မတ် ၁၂

စာရေးသက် နှစ်(၄၀) ပြည့် အထိမ်းအမှတ်အဖြစ် စာရေးဆရာ ရန်ကုန်ကျော်ဟင်းက ၎င်းစုဆောင်းထားသော စာနယ်ဇင်းမျိုးစုံ စောင်ရေ ၅၀၀၀ ကို မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် တဲစုကျေးရွာရှိ လောကရှေ့ဆောင် စာကြည့်တိုက် နာယကဆရာတော်နှင့် တောင်ပုလု ကျောင်းတိုက်(ရန်ကုန်)တိုက်အုပ် ဆရာတော် ဦးသောဘနထံ မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် နာရီတစ်လုံးနှင့် အတူ ပေးအပ် လှူဒါန်းသည်။

(က-ပ)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးလောင်ဆုံးရှုံးမှုအန္တရာယ်မှ ကင်းဝေးစေရန် ဖေဖော်ဝါရီ ၂၉ ရက်က (၁) ဈေးမီးဘေးလုံခြုံရေးအတွက် သရုပ်ပြဓာတ်တိုက် လေ့ကျင့်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဈေးအရန်မီးသတ်တပ်ဖွဲ့၊ ဈေးမိ၊ ဈေးဖနှင့် ဈေးသူ၊ဈေးသားများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က သမင်အင်းကုန်းကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်လှလှဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီငြေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

TOP ☎ 243363 705877

Yan Aung

JOB OPPORTUNITIES
(For Local Service Only)

"Our PRIME-BOSS Co., Ltd. is seeking the candidates high capable and diligence for the following posts."

(1) Sales Executive Male/Female (3) post
- Minimum Diploma/ B.Sc.(Science)/ M.B.A
- At least (3) years working experience & able to use computer(office application)
- Able to speak/write English & required I.T knowledge & digital devices advantages.

(2) Computer Operator Female (2) posts
- Minimum (3)years experience.
- Able to use Microsoft Office, Page Maker, Photoshop.

(3) Engineer Male/Female (3) posts
- B.E (Electronics)
- At least (3) years working experience & able to use computer(Basic)
- Able to use computer (Basic) , required I.T knowledge & digital devices advantages.
- Able to speak/write English will be advantage.

(4) Technicians Male (5) posts
- Y.T.U Diploma / A.G.T.I (Electronics, Electrical Power, Mechanical Power)
- Able to use computer(Basic) & required I.T knowledge.
- Able to speak/write English will be advantage.

(5) Drivers Male (3) posts
- Minimum (3)years experience.

* The person who are interested in above announcement, please send C.V., copy of update labor registration card, copy of N.R.C card, two recent photos and other documents to the following address within two weeks.

PRIME-BOSS Co., Ltd.
129/131, Sule Pagoda Road, Central Fire Station, Yangon.
Tel: 01- 253509, 254347, 253843, 248846
e-mail: sales@primeboss.com.mm

HOTEL & CAR

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။**

ခွေးရောင်းရန်

Imported အထီးနှင့်ကျသော Rott Weiler နှင့် Dober Man နို့ခွဲသားပေါက်လေးများ ရောင်းရန်ရှိသည်။ **အမှတ်-၅၀၂၊ အင်း၀(၆)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပ။**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုလျက်
မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ပံ့ပိုးမှုဖြင့်
ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့ ဦးစီး၍
စန္ဒရားပညာရှင်ကြီးများ စုစည်းတင်ဆက်သည့်

“ဂီတနန္ဒဝန်”

စန္ဒရားပဒေသာပွဲကြီး

အချိန် – ည ၇ နာရီတိတိ
နေ့ရက် – ၂၀၀၄ခုနှစ် မတ်လ ၁၉၊ ၂၀နှင့် ၂၁ရက်
နေရာ – အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့
(ကြိုတင်လက်မှတ်စတင်ရောင်းချနေပါပြီ)

ကြိုတင်လက်မှတ်ရောင်းချမည့်နေရာ–နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံနှင့် ချမ်းသာစာပေတိုက်၊ အမှတ်(၁၂၀)၊ ၃၄လမ်း(အလယ်)၊ ရန်ကုန်မြို့။

MIT
MPEC
Web Application Development (level-1)
- HTML 4,JavaScript
- Graphic Fundamentals,
- Dream Weaver

Date : 20. 3. 2004
Time : Sat & Sun (4:00 to 7:00 PM)
Ph: 502801, 505278, 539151, 668779

Airron Express, Hotel, Restaurant & Guide Service
April 12 5-Nights 6-Days
Ph: 378547, 254250

ရွှေထူးလှိုင်
ရွှေစက်တော်၊ တောင်ကြီး၊ ရွှေလီ၊ ရုဗိန်
Ph : 254608, 700927, 577164

"မင်း" ထော်ဝင်ဘုရားဖူးခရီးစဉ်များ
(19 March , 2 April)
(25March, 1April)
(27March)

AMIGO TRAVEL SERVICE
HOTEL **
HOTEL MAX

MIT
MIT Education Center
Internet & Email ရက်တိုသင်တန်း
-Internet & SearchEngine အသုံးပြုနည်းများ
-Chatting & Messenger အသုံးပြုနည်းများ
-E-mail အသုံးပြုနည်းများ
ဆက်သွယ်ရန်လိပ်စာ
No. 112, Pyay Road, Mayangone Township, Yangon. Phone:668779,668259, 650124

ကား စီး လုံး ငှား သည်။
CRANE Ph:708569, 538535, 095002018

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
542311 09-5002003

Golden Flower Co.,Ltd
အသစ်စက်စက်အဆင့်မြင့်
တိုက်ခန်းကျယ်များ

ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ
(သုဝဏ္ဏအားကစားကွင်းအနီး)
Wall Paper
တိုက်ခန်းအကျယ်အဝန်း
2300 Sft
2800 Sft
ရောင်းချလျက်ရှိပါသည်
အရောင်းခန်းမ
Golden Flower Plaza
ရန်ကုန်မြို့

Dream Hair Style
အမျိုးသားသီးသန့်
ဦးကိုဦး ဦးဝင်းမောင် ဦးကိုလတ်
တိုက်အမှတ် (၂)၊ အခန်း (၁၂)၊ (၈)မိုင်လမ်းဆုံ၊ မြို့ပြအိမ်ရာ (မြောက်ခြမ်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

လက်ထပ်မင်္ဂလာပွဲအား အသိအမှတ်မပြုကြောင်း ကြေညာခြင်း

ဦးမြင့်သိန်း [၁၂/ပဇတ(နိုင်)၀၀၈၀၂၉]နှင့် ဒေါ်ခင်သန်းဆွေ [၁၂/ပဇတ(နိုင်)၀၀၈၀၃၁]ကိုင်ဆောင်သူတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါသူများသည် မောင်ကျော်ဇင်လတ် [၁၂/ပဇတ(နိုင်)၀၂၉၅၃၆] ကိုင်ဆောင်သူ၏ မိဘများဖြစ်ကြပြီး ၁၉-၂-၂၀၀၄ရက်နေ့တွင် ကျောက်တန်းမြို့နယ်၊ တံတားရွာ၌ ကျင်းပပြုလုပ်ခဲ့သော မောင်ကျော်ဇင်လတ်နှင့် မလွှင်လွှင်မြင့်တို့၏ လက်ထပ်မင်္ဂလာပွဲသည် တစ်ဖက်တည်း၏ သဘောဆန္ဒဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်၍ သတို့သား၏မိဘဆွေမျိုးများက သဘောမတူ၊ အသိအမှတ်မပြုကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးကျူးခေါင်	ဦးအေးမိုး
H.G.P, LL.B, D.Apsy	B.Econ.,R.L.,
Dip in Business Law.,	Dip in Business Law.,
Dip in Maritime Law.,	

တရားရုံးချုပ်ရှေ့နေများ
အခန်း(၄၀)၊ မြေညီထပ်၊ စုဗေါင်းတရားရုံး၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း–၂၈၀၃၈၈၊ ၅၃၉၇၇၄။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်ညွန့်
အသက်(၇၂)နှစ်

ရဲမှူးဦးဘုန်းကြွယ်(ပြည်ထဲရေးဝန်ကြီးဌာန)–ဒေါ်နွယ်နီဟန်ထွန်းတို့၏မိခင်သည် ၉-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Sinma Furnishings Co., Ltd.

ဘုရား၊ ကျောင်း ရဟန်း ဒါယကာကြီး

ဦးထွန်းတင်

အသက်(၈၀)

အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း
(ကျိုက်လတ်မြို့)
အကောက်ခွန်(ငြိမ်း)

ဇရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ ပဲခူးစုကျေးရွာနေ (ဦးသာခင်–ဒေါ်စောရင်)တို့၏သား၊ (ဦးတုတ်)၊ (ဒေါ်သိန်းကျင်)တို့၏ညီ/မောင်၊ (ဦးထွန်းခင်)၊ ဦးထွန်းကြည်၊ ဒေါ်အေးမိ၊ (ဦးလှမြင့်)၊ ဒေါ်ကြည်၊ (ဦးအုန်းလှိုင်)၊ (ဦးအောင်ငြိမ်း)တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်(၃၅၄)နေ ဒေါ်အုံးကြည်၏ခင်ပွန်းသည် ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း ရဟန်း ဒါယကာကြီး

ဦးထွန်းတင်

အသက်(၈၀)

အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း
(ကျိုက်လတ်မြို့)
အကောက်ခွန် (ငြိမ်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်(၃၅၄)နေ ဒေါ်အုံးကြည်၏ခင်ပွန်း၊ ဦးသန်းဦး (အကောက်ခွန်၊ နစရ)–ဒေါ်နုနုရီ၊ ဒေါ်မြမြ (အကောက်ခွန်)၊ ဦးဝင်းဗိုလ် (အကောက်ခွန်၊ ကျိုင်းတုံ)–နော်တင်မာအေး၊ ဦးဝင်းအောင် (အကောက်ခွန်၊ နစက)–ဒေါ်ဝင်းဝင်းမာ၊ ဦးတင်အောင် (အကောက်ခွန်) တို့၏ မွေးသဖင်၊ မောင်သန်းဇော်ဦး (အကောက်ခွန်)၊ မဝတ်ရည်ဖြိုး၊ မဇွန်ပွင့်ဖြူ၊ မနှင်းမြတ်နိုးဦး၊ မဇာဇာငြိမ်း၊ မောင်မင်းမျိုးထက်တို့၏အဘိုးသည် ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး

အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ(ဦးစောမောင်တင်)–ဒေါ်ထားရင်တို့၏သား၊ ဒေါ်ခင်စီစီသိန်း၏ခင်ပွန်း၊ ဒေါ်မြမြဝင်း၏မောင်၊ ဦးခင်မောင်သန်း–ဒေါ်စုစုမာ၊ ဦးခင်မောင်ငယ်–ဒေါ်စောစောညွန့်၊ ဦးခင်မောင်ထွန်း–ဒေါ်နီလာမိုး၊ ဦးလှမင်းချို–ဒေါ်စန္ဒာမိုးတို့၏အစ်ကို၊မောင်အေးကိုကို၊ မောင်ဟိန်းသူ(တတိယနှစ်၊ မြန်မာစာ) မခင်ပွင့်ဖြူအေး(ဒုတိယနှစ်၊ ရူပဗေဒ) အရှေ့ပိုင်းတက္ကသိုလ်၊ မခင်ထိုက်ဆုအေး (X B) အထက(၄)ပုဇွန်တောင်တို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမကိုးယောက်တို့၏ဘကြီးသည် ၁၃-၃-၂၀၀၄နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ၊
ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်အလှူရှင်
မဟာစည် ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းဝင်

ဒေါ်စောကြွယ် (၈၆)နှစ်

(လားရှိုး)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နေ (ဦးဖိုးတင်-ဒေါ်ဆင်ဒန်)တို့၏ သမီးထွေး၊(ဒေါ်စောချယ်၊ဦးဘဟိန်း၊ဦးဘငြိမ်း)တို့၏ ညီမ၊ ရန်ကုန်မြို့၊ အမှတ်(၁၉၃/၂က)၊(၃၃)လမ်း၊ ကျောက်တံတားမြို့နယ်နေ ယခင်တိုင်းလင်း သစ်စက်နှင့် ရန်ကြီးအောင်ဆန်စက်ပိုင်ရှင်(ဦးဘဟန်)၏ဇနီး၊ (ဦးမင်းအောင်) (လက်ထောက်တိုင်းရောင်းဝယ်ရေးအရာရှိ၊ ရန်ကုန်တိုင်း၊မြန်မာ့ရေနံ)၊ ဦးအောင်ခိုင်(ဂုဏ်ထူးအင်္ဂလိပ်စာ)၊ ဒေါ်ခင်သန်းအေး၊ ဒေါ်ဆွေဆွေ၊ ဒေါ်မေပြုံးဟန်၊ ဒေါ်မေမျိုးဟန်တို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ မေကြီးသည် ၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်းကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသိန်းအောင်(ခ)ဦးအောင်စီ

အသက်(၄၉)နှစ်

CDC- 11237 ECHO TSUSHO Co.

အထက(၁)တာမွေ ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ အမှတ်(၁၄)၊၁၅၃-လမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်နေ (ဦးစီ)-ဒေါ်အုန်းရင်တို့၏သား၊ (ဒေါ်ဝါးဝါးထူး)၏ ခင်ပွန်း၊ မယဉ်သူသူသွင်အောင်၏ဖခင်သည် ၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍၁၆-၃-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်သန်းရင်(၉၈)နှစ်

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ အမှတ်စဉ် ၂၁/၉၉

ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၁)၊အဝေယာလမ်းနေ (ဦးစိန်-ဒေါ်ပု)တို့၏သမီး၊ သားသမီးကိုးယောက်တို့၏မိခင်၊ မြေး၄၀ယောက်၊မြစ် ၂၀ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့)ည ၁၀း၃၅နာရီတွင်ကွယ်လွန်ပါ၍ ၁၅-၃-၂၀၀၄ (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်လှသန်း (၈၂)နှစ်

(မြောင်းတကာ)

စမ်းချောင်းမြို့နယ်၊ ဗားကရာတိုက်၊ အောင်မြေကျောင်းဆရာတော် ဦးသုစိတ္တသာရ၊ဦးနေမိန္ဒ၏အစ်မ၊ မော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ (ဦးခင် မောင်-ဒေါ်ကျင်နု)၊(ဦးဘသန်း-ဒေါ်သန်းကြွယ်) တို့၏ သမီး၊ (ဦးမြ)၏ ဇနီး၊ (ဦးစံထွန်း-ဒေါ်မြသန်း)၊ ဦးထွန်းရှင်-ဒေါ်ပန်းကြည်၏ညီမ၊ (ဦးထွန်းရှင်-ဒေါ်လှကြည်)၊ (ဦးမြကြိုင်)-ဒေါ်တင်တင်ဆွေ၊ ဦးမြရှင်-ဒေါ်ခင်ဆွေ၊ ဦးထွေး-ဒေါ်လှရီ၊ ဦးမောင်မောင်သန်း-ဒေါ်ချစ် ချစ်၊ ဦးအုံးလှိုင်-ဒေါ်ခင်ခင်ရီတို့၏အစ်မ၊ ဦးလှဦး၊ ဦးဇော်ဝင်း၊ ဦးသန်းဦး-ဒေါ်သန်းကြည်၊ ဦးနိုင်မင်း၊ ဦးနိုင်လင်း၊ ဒေါ်ခင်မာလာ၊ ဦးအေးနိုင်တို့၏မိခင်၊မောင်အောင်မင်း၏အဘွားသည် ၁၅-၃-၂၀၀၄ရက် နံနက် ၂း၄၅ နာရီတွင်ကွယ်လွန်ပါ၍ ၁၇-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (စမ်းချောင်း၊ အောင်မြေကျောင်းတိုက်မှကားများ မွန်းတည့်၁၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးရွှေ (၇၈)နှစ်

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

(ဘိုကလေး-ဧရာ)

ဘိုကလေးမြို့နယ်၊ ဧရာကျေးရွာ (ဦးညို-ဒေါ်မြတင်)တို့၏ သမီး၊ ဒေါ်ခင်ကြည်၊ ဒေါ်မြကြည်၊ ဦးသိန်းအောင်-ဒေါ်ညွန့်ညွန့်တို့၏ အစ်မကြီး၊ (ဦးကျော်လင်း)၏ ဇနီး၊ ကိုအောင်သန်း-မသွယ်သွယ်ခိုင်၊ကိုချိုမြခိုင်-မခင်မှတ်တင်၊ မနီ၊ မထူးခိုင်၊ ကိုသက်ဦး-မသင်းသင်းခိုင်၊ ကိုဝင်းကို-မမော်မော်ခိုင်တို့၏ မိခင်သည် ၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့)တွင် အမှတ်(၂၀၅)၊ ကာယသုခအတွင်းလမ်း၊ (၂-က)၊ စံပြရပ်ကွက်၊ မင်္ဂလာဒုံနေအိမ်၌ ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းစိုး(ခ)ကိုပု (၃၂)နှစ်

တော်ဝင်အီလက်ထရောနစ်စင်တာ

စစ်တွေမြို့၊ သင်ပုန်းတန်းရပ်နေ ဒုအရာခံဗိုလ်ဦးစိန်-ဒေါ်သိန်းစောနု တို့၏ သားကြီး၊ ကိုလှမျိုးအောင်-မကြည်ကြည်ဝင်း၊ မောင်ဝင်းဇော်(သတ္တုတွင်းဝန်ကြီးဌာနဘောလုံးအသင်း)၊ မောင်ဝင်းနိုင်၊ (တကကစာရေး) အောင်သန်းဌေး-မသန္တာစိုးတို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၄း၃၉နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၈-၃-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အလုပ်သမားဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊
ပိဋကတ်သုံးပုံ၊ ဆွမ်းပဒေသာပင်
ဆေးပဒေသာပင်အလှူရှင်၊မဟာစည်
ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းဝင်

ဒေါ်စောကြွယ် (၈၆)နှစ်

(လားရှိုး)

ရန်ကုန်မြို့၊ အမှတ်(၁၉၃/၂ က)၊(၃၃)လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးဘဟန်)၏ ဇနီး၊ (ဦးမင်းအောင်)-ဒေါ်နန်းလှ(ရေနံတိုင်းရုံး)၊ ဂုဏ်ထူးဦးအောင်ခိုင်-ဒေါ်ခင်ပြုံးသွင်၊ ဒေါ်ခင်သန်းအေး၊ (ဦးကျော်ထွန်း)-ဒေါ်ဆွေဆွေ၊ ဒေါ်မေပြုံးဟန်၊ ဒေါ်မေမျိုးဟန်တို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာကျော်ခိုင်ဦး-ဒေါက်တာယဉ်မွန်မြင့်၊ မမိုမိုအောင်ခိုင် (နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေး-၁)၊ မစန္ဒာအောင်ခိုင် (တတိယနှစ်၊ အင်္ဂလိပ်စာ)၊ နန်းထူးထူးအောင်(နောက်ဆုံးနှစ်အပိုင်း-က၊ ဆေး-၁)၊ မောင်ဇော်ရဲထွန်း(Xအထက-၆၊ဗိုလ်တထောင်)၊မောင်လှမော်အောင် (IX၊အထက-၂၊ ဗဟန်း)၊ မောင်ဆုလွင်အောင်(VII၊ အလက-၁၊ ဒဂုံ) တို့၏အဘွား၊ မောင်ဇမ္ဗူဦး၏ အဘွားသည် ၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၄နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်းကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ထိန်ပင်သုသာန်၌ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်

အသက်(၅၄)နှစ်

M.P.P.E (ခန်တော)

အမှတ်(၁၀၂)၊ စိန္တာမဏိလမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးသန်း-ဒေါ်ခင်သုံ)တို့၏ သား၊ (ဦးယုံ-ဒေါ်ကျင်ဖွား)တို့၏ သားသမက်၊ ဦးစိန်ကြီး-ဒေါ်ခင်ခင်ဝင်း၊ ဦးစိန်လေး၊ (ဦးစိုးဝင်း)-ဒေါ်သန်းမြင့်၊ ဦးဝင်းကြည်-ဒေါ်စမ်းသီတာတို့၏ညီ၊ ဒေါ်မိမိထွေး M.P.P.E (ငြိမ်း)၏ ခင်ပွန်း၊ ကိုဇေယျာကြည်ဖြိုး B.E(E.P)(Fortune Int'l Ltd)၊ မဝင့်ရွှေရည်နွေး (Final Year Physics)တို့၏ ဖခင် ဦးမောင်မောင်ကြည်သည် ၁၄-၃-၂၀၀၄ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်

အသက်(၅၄)နှစ်

M.P.P.E (ခန်တော)

အမှတ်(၁၀၂)၊ စိန္တာမဏိလမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးသန်း-ဒေါ်ခင်သုံ)တို့၏သား၊ (ဦးယုံ-ဒေါ်ကျင်ဖွား)တို့၏သားသမက်၊ ဦးမြသန်း-ဒေါ်ထားရီ၊ ဦးလှသောင်း-ဒေါ်ထားကြည်တို့၏ မောင်၊ (ဦးလှမြင့်)-ဒေါ်ရီရီ၊ ဦးချိုမြင့်-ဒေါ်သန်းသန်းဦး၊ ဦးအောင်ကျော်ထွေး-ဒေါ်မြင့်မြင့်ဝင်း တို့၏ အစ်ကို၊ ဒေါ်မိမိထွေး M.P.P.E (ငြိမ်း)၏ ခင်ပွန်း၊ ကိုဇေယျာကြည်ဖြိုး B.E(E.P)(Fortune Int'l Ltd)၊ မဝင့်ရွှေရည်နွေး (Final Year Physics) တို့၏ ဖခင်ဦးမောင်မောင်ကြည်သည် ၁၄-၃-၂၀၀၄ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းစိန်(ခ)အဘုချေ

အသက်(၄၃)နှစ်

အောင်အောင်စက်အပိုပစ္စည်းဆိုင်

(စစ်တွေ)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင်၊ ပန်းလှိုင်အိမ်ရာ၊ စံပယ်လမ်း၊ I-11(B)နေ ဦးမောင်စိန်-ဒေါ်မိကင်းတို့၏ သား၊ ဦးအောင်သာလှ-ဒေါ်ဟန်သာတို့၏ သားသမက်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၂၇၄-ခ)နေ ဒေါ်ခင်မြင့်ကြည်၏ ခင်ပွန်း၊ မောင်ရဲလင်းထွန်း(3rd MB Jr၊ မကွေးဆေးတက္ကသိုလ်)၊ မအိရွှင်ပြုံး(အထက-၄၊ စစ်တွေ)၊ မကျော့ရည်ဟန်(အထက-၄၊ စစ်တွေ)တို့၏ မွေးသဖခင်သည် ရန်ကုန်မြို့ အထက်ပါနေအိမ်၌ ၁၄-၃-၂၀၀၄ရက် ညနေ ၄း၅၀နာရီတွင် ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၁၀း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဗိုလ်ကြီးမေအောင်(ငြိမ်း)

အသက်(၇၇)နှစ်

မန္တလေးမြို့၊ ဘုရားကြီးအရှေ့မုခ်၊ အကွက်အမှတ်(၈၇၄)၊ ဧည့်တန်းရပ်နေ ဒေါ်လှကြည်၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ရွှေပြည်သာနေ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ (ငြိမ်း)-ဒေါ်မေမေသွင်၊ မြောက်ဒဂုံနေ ဦးဥာဏ်ဝင်းအောင်-ဒေါ်ဖွိုင်းလက်စိန်၊ ပဲခူးမြို့နေ ဦးသန်းဝင်းအောင်၊ ဒေါ်နွဲ့နွဲ့သောင်း(သုခမိန်ဆေးလိပ်)၊ မမေမေသွယ်၊ပျဉ်းမနားမြို့နေ ဦးစန်းဝင်းအောင်-ဒေါ်ခင်သိန်းတို့၏ဖခင်၊ မြေး၁၄ယောက်တို့၏ အဘိုး၊ မြစ်တစ်ယောက်၏ ဘိုးဘိုးကြီးသည် ၁၃-၃-၂၀၀၄ (စနေနေ့) ညနေ ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၅-၃-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ဘုရားကြီးရပ်၊ အရှေ့မုခ်(၈၁)လမ်း ဧည့်တန်းရပ်နေအိမ်မှ ကြာနီကန် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်း(၆၇)နှစ်

ရေခဲသေတ္တာ

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ရေလယ်ကျွန်းကျေးရွာနှင့် ရန်ကုန်မြို့၊ အမှတ်(၂၇၆)၊ ဗညားဒလလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်လှမြင့်၏ခင်ပွန်း၊ ကိုစိုးဝင်း၊ (ကိုစိုးမင်း)၊ ကိုအောင်ပွင့်တို့၏ ဖခင်သည် ၁၄-၃-၂၀၀၄ရက် ည၇း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄ရက် ညနေ၃နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြဝင်း

အသက်(၅၆)နှစ်

အလယ်တန်းပြဆရာမ

အထက(၂)၊ အင်းစိန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၂၉/၁၈၃)နေ [ဗိုလ်မှူးတင်ဦး၊ လေ(ငြိမ်း)-ဒေါ်မြသိန်း] တို့၏သမီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၃၂)၊ မြဝတီမင်းကြီးလမ်း၊ (၁၀)မိုင်ကုန်းနေဦးနေဝင်း(ဒု-ညွှန်မှူး၊ငြိမ်း၊ ကြေးတိုင်/မြေစာရင်းရုံးချုပ်)၏ဇနီး၊ ဒေါ်နုနုအေး(မင်းမင်း) (လ/ထ၊ မန္တလေးတိုင်း၊ အကောင်ခွန်ဦးစီးဌာန)၏ အစ်မ၊ ရွှေပြည်သာမြို့နယ်နေ မခင်ဥမ္မာနေဝင်း၊ ဦးအောင်ဇော်မိုး၊ ပြည်မြို့နေ ဦးစိုးဝဏ္ဏနေဝင်း-ဒေါ်တင်တင်မြင့်၊ ဗိုလ်ကြီးဟိန်းထက်-မသီတာပြုံးတို့၏ မိခင်၊ မောင်စိုးရန်နိုင်၊ မောင်အောင်ကောင်းမြတ်၊ မခိုင်သဥ္စာ၊ မမေမြတ်မွန်၊ မမြတ်သစ္စာခင်တို့၏အဘွားသည် ၁၅-၃-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၁၂း၄၅နာရီတွင် ကွယ်လွန်ပါ၍ ၁၇-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၁၀မိုင်ကုန်းနေအိမ်မှကားများ နံနက်၉း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဆွေသန်း(ခ)ရွှေကြီး

အသက် (၃၃)နှစ်

ရန်ကုန်မြို့နေ (ဦးမြသန်း)-ဒေါ်တင်ရီ(ခ)ဒေါ်လှတင်တို့၏သား၊ ကိုမျိုးသန်း-မမိုးမိုးကြည်၊ မခိုင်ခိုင်ဝေ၊ မနန်းနန်းကြိုင် (Final Year Eco) တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ ၈လမ်းသွယ်(၁)၊ အမှတ်(၁)နေ မစမ်းသီတာမင်း (B.A-Geo)၏ခင်ပွန်း၊ မဆွေသုန္ဒရီဦး(ခ)ပုံပုံ၏ ဖခင်သည် ၁၄-၃-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေး(ခ)ဒေါ်ရှိတွီးတိန်

အသက်(၈၈)နှစ်

အရှေ့တိုင်းအပ်ချုပ်ဆိုင်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖိုမြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၇၀)နေ (ဦးကျိုကွမ်လင်)၏ဇနီး၊ ဦးကျိုလီခိုင် - ဒေါ်ဝေါင်ကြောင်လန်၊ ဦးကျိုစန်းခိုင်-ဒေါ်လန်ရှုလန် (ဟောင်ကောင်)၊ ဦးခင်အောင်-ဒေါ်မွှေးမွှေး၊ (အရှေ့တိုင်းအပ်ချုပ်ဆိုင်)(P.17,18) (ယုဇနပလာဇာ)၊ ဒေါ်မေလှိုင်-ဦးတင်အုန်း၊ဦးခင်မောင်ဝင်း-ဒေါ်ရီစလင်းတို့၏ မိခင်၊ မြေးကိုးယောက်နှင့် မြစ်သုံးယောက်တို့၏အဘွား သည် ၁၃-၃-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ကွယ်လွန်ပါ၍ ၁၇-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေး တိုက်မှ ကွမ်းတုံတရုတ်သုသာန်သို့ ပို့ဆောင်မြှုပ်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှမြိုင် (၈၂)နှစ်

လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)

အလယ်တန်းပြဆရာ(ငြိမ်း)

အထက(၃)၊ သန်လျင်မြို့

(ပုသိမ်)

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၇)နေ (ဦးစိုးသိမ်း-ဒေါ်ညိမ်းမယ်)တို့၏ သား၊ (ဦးဘရွှေ-ဒေါ်ထွေး)တို့၏သားသမက်၊ (ဦးကျင်တီ-ဒေါ်ချစ်ချစ်)တို့၏မောင်၊ ဒေါ်မြမြ၏ခင်ပွန်း၊ ဒေါ်ဆွေဆွေမြ(အလပြ၊ ပန်းတော၊ ကျောက်တန်းမြို့)၏ ဖခင်သည် ၁၅-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၂နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ကျောင်း၊ဇရပ်၊
ရဟန်းဒါယကာကြီး

ဦးညိုအေး(ခ)ကိုမြမင်း

အသက်(၅၆)နှစ်

အထက(၅)အလုံ (ရေဦး)

စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ တောင်ခွင်ကျေးရွာနေ (ဦးကျော်သိန်း)-ဒေါ်စိန်လုံတို့၏ သားကြီး၊ ဆီဆုံကျေးရွာနေ (ဦးစံထွေး)-ဒေါ်ကြီးစိန်တို့၏ သားသမက်၊ အထက(၅) အလုံ ကျောင်းဝင်းနေ ဒေါ်မြသန်း(ရွှေရင်အေး)၏ ခင်ပွန်း၊ ဦးမြဝင်း-ဒေါ်ခင်လေး(မော်နီစတား ဖိနပ်)၊ ဦးမြရွှန်း (အိုင်ပင်ဟိုး ကြေးနီစီမံကိန်း၊ မုံရွာမြို့နယ်) - ဒေါ်နီနီ၊ ဒေါ်ကြည်အေး-ဦးထွန်းမောင်(အိုင်ပင်ဟိုးကြေးနီ စီမံကိန်း၊ မုံရွာမြို့နယ်)၊ ဦးမြင့်အောင်-ဒေါ်မာလာ တို့၏ အစ်ကိုကြီး၊ မောင်ဝင်းလှိုင်ဦး(ခ) သန့်ဇင်(JSM International Co., Ltd.)၊ မသင်းသင်းဌေး (စီးပွားရေးဦးပိုင်အစုရှယ်ယာဌာန)၊မောင်ကျော်ဆန်းလင်း (K & P Interprise Co., Ltd.)၊ မောင်ကျော်စိုးထွန်း (Mali Shipping Co., Ltd.)တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၂-၃-၂၀၀၄(သောကြာနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်ပါ၍ ၁၈-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့် (၄၆)နှစ်

A/B CDC-16812(Uniteam)

(ပေါင်းတည်)

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ တိုက်(၁၂၈/၂)၊ နဝရတ်လမ်းနေ (ဦးသူငယ်လေး - ဒေါ်ဝတုတ်)တို့၏ သား၊ ဦးမောင်မောင်အေး (MOGE)-ဒေါ်ခင်ဝင်း၊ ဦးဉာဏ်ထွန်း(လဝက)၊ ဦးစိုးလှိုင်(စိုက်ပျိုးရေး)၊ ဦးထွန်းဝေ (လဝက)- ဒေါ်ယဉ်ယဉ်မြင့်တို့၏ညီ/မောင်၊ဦးအောင်မင်း(မြန်မာ့ဆိပ်ကမ်း) တို့၏အစ်ကို၊ တူ၊တူမငါးယောက်တို့၏ ဦးလေးသည် ၁၄-၃-၂၀၀၄ရက် ည၇း၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ ညနေ၄နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်စိန် (၈၁)နှစ်

(ညောင်တုန်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ်(၆၆)၊ (A-၆)နေ(ဦးဘဆွေ- ဒေါ်ချစ်)တို့၏ သမီး၊ (ဦးမှုရှိန်)၏ဇနီး၊(ဒေါ်ကြင်မေ)၊ ဒေါ်ကြင်ငွေတို့၏ ညီမ၊ ဦးကျန်းမိန်၊ (ဦးကျန်းထွယ်)-ဒေါ်တင်လှတို့၏ အစ်မ၊ ဦးအောင်ကြီး (တရားရုံးချုပ်ရှေ့နေ)-ဒေါ်စန်းစန်းမြင့် (လ/ထထွေဗျာ-ငြိမ်း၊ ကုန်သွယ်/လယ်ယာ)၊ ဦးတင်ထွဋ်-ဒေါ်သန်းသန်းမြင့် (ဒုဦးစီးမှူး၊ ပြည်သူ့ လွှတ်တော်ရုံး)၊ ဦးမြအေး(ဘုရင့်နောင်ပွဲရုံ)-ဒေါ်ခင်ဝင်းရီ (ဦးစီးအရာရှိနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)တို့၏ မိခင်၊ ဒေါ်ယဉ်ယဉ်မြ၊ ဒေါ်ခင်မာလာ၊ ဦးစိုးအောင်-ဒေါ်ခင်စန္ဒာတို့၏ အဒေါ်၊ မဇာရည်ပွင့် (B.E Civil၊ ရန်ကုန်သန်လျင်တံတား အမှတ်-၂၊ စီမံကိန်း)၊ မောင်ရန်မျိုးအောင် (OK Brothers Enterprises)တို့၏ အဘွား သည် ၁၄-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလီပင်ကောင်း (၇၅)နှစ်

(သာကေတ)

အမှတ်(၂၉၅)၊ သိင်္ဂီ(၂)လမ်း/တောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့နေ (လီကိန်ချို-ဒေါ်ချင်ယင်ဟောင်)တို့၏ သား၊ (ဝေါင်ယုင္ငန်း-ဒေါ်သံခေါက်အဲ)တို့၏ သားသမက်၊ ဒေါ်ကျင်ထွေး၏ ခင်ပွန်း၊ ကိုမျိုးဦး-မကျင်ရွှေ၊ (ကိုလီဖုတ်စိန်)-မငွေငွေဝင်း၊ ကိုငွေသိမ်းကျော်-မထွေးကျင်၊ မလီတွေဟန်၊ မောင်ဝီကွန်း၊ ကိုဝင်းမင်းထွန်း(ခ)ဝီကျုံး- မသွင်သွင်ထွေး (ဦးစီးအရာရှိ၊ ကဒုန)၊ မောင်ဝီရိန်းတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၄-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပို(၆၃)နှစ်

ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ဂမန်းစုကျေးရွာနေ (ဦးဖြိုး-ဒေါ်မလေး)တို့၏ သမီး၊ ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ်၊ သပြေကုန်းကျေးရွာနေ (ဦးမောင်တင့်-ဒေါ်စော) တို့၏သမီးချွေးမ၊ဦးမောင်ဝင်း (နိုင်ငံခြားရေးဝန်ကြီးဌာန၊ငြိမ်း)၏ဇနီး၊ ဦးကျော်ဝင်းဟန် (နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ဇာလီ၊ (မောင်နေဝင်းအောင်)တို့၏ မိခင်၊ မမေသူကျော်၏အဘွားသည် ၁၄-၃-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၁၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းစိန်(ခ)အဘုချေ

အသက်(၄၃)နှစ်

(စစ်တွေ)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင်၊ ပန်းလှိုင်အိမ်ရာ၊ စံပယ်လမ်း၊ I-11(B)နေ ဦးမောင်စိန်-ဒေါ်မိကင်း တို့၏သား၊ ဒေါ်ခင်မြင့်ကြည်၏ ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်မနွဲ့၊ (ဒေါ်တင်စိန်)-ဦးအောင်ကျော်ငြိမ်း၊ ဦးဝင်းစိန်-ဒေါ်လှလှ၊ဒေါ်ခင်စိန်-ဦးတင်ထွန်းလတ်၊ ဒေါ်မြစိန်-ဦးအောင်မြတို့၏ ညီ/မောင်၊ ဒေါ်ရီရီစိန်-ဦးတင်ထွဋ်(USA)၊ ကိုသန်းစိန်-မမြင့်မြင့်သူတို့၏ အစ်ကိုသည် ရန်ကုန်မြို့ အထက်ပါနေအိမ်၌ ၁၄-၃-၂၀၀၄ရက် ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

မအေးအေးမင်း(၃၆)နှစ်

(ပုဂံ-ညောင်ဦး)

ရန်ကုန်မြို့၊ အမှတ်(၁၈၄)၊ ပတ္တမြားလမ်း၊(၁)ရပ်ကွက်၊ကမာရွတ်နေ ဦးစောနောင် (စက္ကူဓာတ်ပုံ၊ငြိမ်း)-(ဒေါ်ဖွားရှင်)တို့၏ သမီး၊ ဦးကျော်အောင်ထွန်း (သတင်းတပ်ဖွဲ့)-မခင်မျိုးဝင်း၊ ဦးမောင်မောင်လေး-မအေးအေးသင်း (စက္ကူဓာတ်ပုံ)၊ ဦးထွန်းနောင် (MEPE)-မခင်ခင်စိန်တို့၏ ညီမ၊ ဦးကြိုင်သင်းနောင်-မစန်းအေး၊ မောင်စောထွေးတို့၏အစ်မ၊ တူတူမငါးယောက်တို့၏ အဒေါ်သည် ၁၂-၃-၂၀၀၄ရက် ည ၉း၅၅နာရီတွင် ဗဟိုရ်စည် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာသဒ္ဓမ္မဇောတိကဓဇ

ဘဒ္ဒန္တ သုန္ဒရမာလာ

သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၆၉)နှစ်

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဆတ်မြို့၊ မဟာမြတ်မုနိတောင်တန်း သာသနာပြု ပရဟိတကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တ သုန္ဒရမာလာသည် ၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက်၊ ၁၂-၃-၂၀၀၄(သောကြာနေ့) ည၁၀း၁၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ရက်၊ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာဒါယိကာမများ။

ပါမောက္ခဦးသိန်းမောင်

အသက်(၈၈)နှစ်

M.A(Clark)

ပါမောက္ခ/ဌာနမှူး ပထဝီဝင် (ငြိမ်း)

မန္တလေးတက္ကသိုလ်

ပြည်ခရိုင်၊ပန်းတောင်းမြို့နေ (ဦးစံရွှေ-ဒေါ်တင်မေ)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်၊ မာလာမြိုင်ရိပ်သာလမ်း၊ မာလာမြိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၇၁၄)နေ ဒေါ်သန်းသန်း၏ ခင်ပွန်း၊ ဒေါ်လှသိန်း၊ ဒေါ်ထားခင်၊ ဦးဇော်ဝင်း၊ ဒေါ်ဖွားစိန်တို့၏ အစ်ကိုကြီး၊ ဦးစိုင်းခမ်းရိုန်-ဒေါက်တာဒေါ်ခင်ဖြူဖြူ၊ ဦးမောင်မောင်-ဒေါ်စုစုခင်၊ဦးညီညီတို့၏ဖခင်၊ နန်းနီလာစိုင်းခွန်ဖ၊ အာကာမိုး၊ ဝင်းမောင်မောင်တို့၏ အဘိုး ဦးသိန်းမောင်သည် ၁၅-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်မြင့်မြင့်သိန်း(ခ)ဒေါ်ရီစီ

အသက်(၈၆)နှစ်

ဗဟိုတရားရုံး-ရုံးအုပ်(အငြိမ်းစား)

စမ်းချောင်းမြို့နယ်၊ သီရိဂေဟာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၂၂)နေ (ဦးရွှေရေး-ဒေါ်ရှင်)တို့၏သမီး၊ (ဦးဘပု)၊ (ဒေါ်လှမေ)၊ (ဦးဘသိန်း)၊ (ဦးမောင်မောင်)၊ (ဒေါ်ခင်သန်းတင်) တို့၏ညီမ၊ (ဦးပီတာ)၏အစ်မ၊ဒလမြို့နေ ဦးခင်ထွန်း(ခ)ဆရာဦးဘားလေး-(ဒေါ်ခင်စိန်) တို့၏ အဒေါ်၊ ဦးကျော်ဝင်း (ရေယာဉ်လုပ်ငန်း)-ဒေါ်ခင်လှရီ(မြန်မာ့မီးရထား) တို့၏ မွေးစားမိခင်ကြီး၊ မောင်ဇာနည်ထက်၏အဘွားသည် ၁၄-၃-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက် မှထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငွေငွေ (၄၅)နှစ်

အလယ်တန်းပြ

အထက-၂၊ လှိုင်သာယာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၉၉/ခ)နေ(ဦးစိုးဝင်း)-ဒေါ်ကျင်မြ၊ (ဦးတင်မောင်)-ဒေါ်ခင်ရီတို့၏ သမီးချွေးမ၊ ညောင်လေးပင်မြို့၊ မီးရထားဝင်းနေ ဦးခင်စိုး-ဒေါ်ချို၊ ဝါးခယ်မမြို့နေ ကိုစောနိုင်-မကြည်နိုင်၊ ကိုထွန်းအောင်-မဝင်းဝင်းဌေး၊ ကိုခင်မောင်ထွေး-မမြင့်မြင့်ထွေး၊ မအေးအေးသန်း၊ မမြင့်မြင့်သန်း၊မနှင်းနှင်းဝေတို့၏ အစ်မ၊ မောင်သီဟကိုကို (ထ-၂၊လှိုင်သာယာ)၊ မအေးသက်ပိုင်မှူး (အမက-၃၀၊ လှိုင်သာယာ)တို့၏ မိခင်၊ ဦးကြည်ဌေး(အရာဏ်ဦးစတိုး)၏ ဇနီးသည် ၁၄-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၁၆-၃-၂၀၀၄(အင်္ဂါနေ့)ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးဟန်(၃၄)နှစ်

(B.Econ, Stat.)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၁)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၁၄၄/၂)နေ ဦးတင်လေး-ဒေါ်အေးကြည်တို့၏သား၊ ဦးတင်ဦး-ဒေါ်အေးအေး၊ ဦးသိန်းတင်-ဒေါ်စန်းစန်းဝင်း၊ ဦးလှဝင်း-ဒေါ်ဌေးဌေးတို့၏ ညီ/မောင်၊ ကိုစိုးထွန်း-မတင်တင်ဌေး၊ ကိုသိန်းဇော်-မဖြူဖြူထွေးတို့၏အစ်ကို၊ မသင်းသင်းခိုင်၏ခင်ပွန်း၊ မစုရည်နန္ဒာ၊ မချစ်စုတို့၏ဖခင်သည် ၁၄-၃-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆-၃-၂၀၀၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကုန္ဒက

သိက္ခာတော်(၅၂)ဝါ

သက်တော်(၇၂)နှစ်

မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ ထောက်ရှာတန်းကျေးရွာနေ (ဦးလှကျော်-ဒေါ်ထိုက်)တို့၏ သား၊ သုဝဏ္ဏမြို့၊ ပေါ်ဆန်းမွှေးလမ်းနေ (ဒေါ်ညွန့်ရီ)၊ ပတ္တမြားလမ်း၊ တောင်ဒဂုံမြို့နေ ဦးဝင်းတင်တို့၏ အစ်ကိုကြီးသည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဘားဂရာတိုက်မှ ကြို့ပင်ကောက်မြို့နယ်၊ ဘုကြီးကျေးရွာ၊ ရွာဦးကျောင်း၌ ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော်၉ရက် ၁၄-၃-၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ အန္တိမအဂ္ဂိ ဈာပနကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၁၆-၃-၂၀၀၄ရက်တွင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)။

ဒေါ်အေးကြွယ်(၈၄)နှစ်

မော်ဘီမြို့နေ (ဦးစံပု-ဒေါ်သင်းမယ်) တို့၏ သမီးကြီး၊ (ဦးစံသိန်း)၏ညီမ၊ (ဒေါ်လှစိန်)၊ ဒေါ်ကျင်ရွှေတို့၏အစ်မ၊ (ဦးပွကြီး-ဒေါ်တင်လှိုင်)တို့၏ ချွေးမ၊ (ဦးကျင်သောင်း)၏ဇနီး၊ ဦးနေထွန်း-ဒေါ်မြင့်မြင့်၊ မမြင့်မြင့်သောင်းတို့၏ မိခင်၊ မောင်ငြိမ်းချမ်းထွန်း၊ မမေပွင့်ထွန်း၊ မမေကြည်ခိုင်တို့၏ အဘွား၊ ဦးကျော်ဇော-ဒေါ်မာလေး၊ (ဦးအောင်သန်း-ဒေါ်သန်းသန်းအေး)တို့၏ အစ်မသည် ၁၅-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၃-၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ဇရပ်
တံတိုင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးတင်သောင်း(၈၂)နှစ်

စိန်၊ ရွှေ၊ ငွေရတနာဆိုင်

လက်ပံတန်းမြို့နယ်ရာသက်ပန်အသင်းဝင်

လက်ပံတန်းမြို့၊ (၁)လမ်း၊အမှတ်(၉) နေ (ဦးကြိုင်-ဒေါ်အုံးချိန်)တို့၏သား၊ (ဦးအောင်ဘန်း-ဒေါ်ခင်)တို့၏သားသမက်၊ ဦးကျော်ရင်၏အစ်ကို၊ ဦးခင်-ဒေါ်အေးသိန်း၊ ဦးအေးလှိုင်-ဒေါ်တင်မြင့်၊ ဒေါ်မြင့်မြင့်သန်း၊ ဦးကျော်မြင့်-ဒေါ်ဝင်းဝင်းမေ၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်တင်တင်အေး၊ ဦးသောင်းကြည်၊ ဦးထိန်ဝင်း-ဒေါ်မြင့်မြင့်မူတို့၏ ဖခင်၊ မြေး၁၅ယောက်၊ မြစ် ၆ယောက်တို့၏ အဘိုး၊ ဒေါ်သန်းကြည်၏ ခင်ပွန်းသည် ၁၅-၃-၂၀၀၄(တနင်္လာနေ့)နံနက်၁း၃၀နာရီတွင်ကွယ်လွန်ပါ၍၁၇-၃-၂၀၀၄ မွန်းလွဲ ၂နာရီတွင် လက်ပံတန်းမြို့၊ ကန်ကြီးလမ်း သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ဇရပ်၊ တံတိုင်း၊ ရေတွင်း၊ ရေကန်
ဒါယကာကြီး

ဦးတင်သောင်း(၈၂)နှစ်

စိန်၊ ရွှေ၊ ငွေ ရတနာဆိုင်

လက်ပံတန်းမြို့နယ်ရာသက်ပန်အသင်းဝင်

ရန်ကုန်မြို့၊ အမှတ်(၁၉၂)၊ ၃ထပ်၊ ၂၉လမ်းနေ(ဦးကြိုင်-ဒေါ်အုံးချိန်) တို့၏ သား၊ (ဦးအောင်ဘန်း-ဒေါ်ခင်)တို့၏ သားသမက်၊ဦးအောင်ဆန်း-ဒေါ်ခင်ထွေးသိန်း၊ ဦးစန်းတင်၊ ဒေါ်ချိုချို၊ ဦးမြင့်အောင်၊ ဒေါ်သန်းသန်းအေး၊ ဦးတင်အောင်၊ ဒေါ်တင်တင်စန်းတို့၏ ဖခင်၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ မောင်သိန်းစန်းဦး၊ မောင်လင်းဇော်မင်း၊ မဇင်လဲ့ဝင်း၊ မအေးမွန်စိုး၊ မသိမ့်မွန်စိုးတို့၏အဘိုးသည် ၁၅-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၇-၃-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် လက်ပံတန်းမြို့၊ ကန်ကြီးလမ်း သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

သတင်း၊ ဆောင်းပါး အညွှန်း

"တပ်မတော်သည် လေးကြိမ်တိုင်တိုင် ရင်ဆိုင်ခဲ့ရသော နိုင်ငံရေး၊ စစ်ရေး အကျပ်အတည်းများအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုကို ချစ်မြတ်နိုးသောစိတ်တို့ဖြင့် အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားခဲ့ပြီးဖြစ်သည်။ တစ်နည်းအားဖြင့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်သည့် တပ်မတော်၏ အစဉ်အလာလည်းဖြစ်သည်။ အနာဂတ်ကာလတွင်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးအတွက် ထက်မြက်ရှင်သန် နိုးကြားသော အမျိုးသားရေးစိတ်ဓာတ်ဖြင့် အောင်မြင်စွာ တည်ဆောက်နိုင်မည်မှာ မလွဲမသွေပင်ဖြစ်သည်ဟူ၍ အလေးအနက် ဆိုလိုက်ပါသည်"

သိန်းစိုး(တောင်ငူ)၏ (၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး **"သမိုင်းသက်သေအဖြေပေးနေသည်"** ကို စာမျက်နှာ(၈)နှင့်(၉)တွင် ဖော်ပြထားပြီး **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်"** ဓာတ်ပုံ မှတ်တမ်းကို စာမျက်နှာ(၇)၊ မြင်းမူမောင်နိုင်မိုး၏ **"ပြည်သူထဲက တပ်မတော်"** ကဗျာကို စာမျက်နှာ(၂)နှင့် လှထွဋ်ဦး၏ ကာတွန်းကို စာမျက်နှာ(၄)တွင် ဖော်ပြထားပါသည်။ **(ကြေးမုံ)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေဆောင်ကမ်းခြေ ဟိုတယ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ငွေဆောင်ကမ်းခြေဟိုတယ် တည်ဆောက်ရေးစီမံကိန်းနှင့် ပုသိမ်–ငွေဆောင်ကားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းစစ်ဆေး

ရန်ကုန် မတ် ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါ၍ မတ် ၁၃ရက် နံနက် ၇နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားအရောက်၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ★

ပဲခူးတိုင်း ရွှေကျင်မြို့နယ် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ၏ စီမံကိန်းတစ်ခုအပါအဝင်ဖြစ်ပြီး ရွှေကျင်ချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်လျက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် ရွှေကျင်ရေအားလျှပ်စစ်တည်ဆောက်ရေး လုပ်ငန်းခွင်ကို မတ် ၁၄ရက်က တွေ့ရစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ပြပွဲ ရတနာ၁ကုန်သည် ၁၀၁၄ဦးရောက်ရှိ

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၀၄ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ရှစ်နိုင်ငံ ကုမ္ပဏီပေါင်း ၂၂၄ခုတို့မှ ရတနာ၁ကုန်သည် ၅၆၆ဦးနှင့် ပြည်တွင်းကုမ္ပဏီပေါင်း ၁၇၆ခုတို့မှ နိုင်ငံသား

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

မီး သတိပြု

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး